# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၅)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း ၆ ရက်၊ ၃၀-၆-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇွန် ၂၉

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

စာမျက်နှာ ၃ သို့★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တာဝန်ရှိသူများ၊မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္လာနေ့။

မန္တလေး

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

MSME များသည် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးဖြစ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ အောင်မြင်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME များဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုတွင် ၆၀ မှ ၇၀ ရာခိုင်နှုန်းထိရှိကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေအသုံးပြုရန်လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သည် လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ ဖောက်သည် ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပေးခြင်းအစရှိသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဇွန် ၂၇ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနား၌ ပြောကြားခဲ့သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးအထောက်အပံ့၊ ဈေးကွက်ရှာဖွေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME များ ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် ကဏ္ဍများပင်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် MSME များသည် ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးလိုအပ်ချက် အမြဲရှိနေခြင်းကြောင့် ချေးငွေများ၊ အာမခံများ၊ အသေးစားချေးငွေစနစ်များနှင့် အခြားသောဘဏ္ဍာရေး ဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာ ရရှိနိုင်ရေး ပံ့ပိုးကူညီပေးနိုင်ရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့ကောင်းမွန်မှုသာ လုပ်ငန်းများတိုးချဲ့နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလ၏ ပြိုင်ဆိုင်မှုပြင်းထန်သည့် ဈေးကွက်တွင် MSME များ အောင်မြင်နိုင်ရန်အတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာများလည်းလိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေး၊ လူမှုမီဒီယာဈေးကွက်ရှာဖွေရေး၊ ကုန်စည်ပြပွဲများတွင်ပါဝင်ပြသခြင်းနှင့် ကွန်ရက်တည်ဆောက်ခြင်း စသည်တို့သည်လည်း MSME များအတွက် အရေးကြီးသည့် ဈေးကွက်ရှာဖွေရေးနည်းလမ်းများဖြစ်ကြောင်း၊ ယနေ့ အထိမ်းအမှတ်အခမ်းအနားမှတစ်ဆင့် MSME များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုမြှင့်တင်ပေးပြီး အစိုးရ၊ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်စေပြီး သာယာဝပြောသည့်အနာဂတ်ကို တည်ဆောက်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်း တစ်ခုချင်းစီအလိုက် တိုးတက်အောင်မြင်စေရေး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စာပေရေးရာဆွေးနွေးပွဲ ကျင်းပ




**မန္တလေး ဇွန် ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် စာပေရေးရာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ ၈၆ လမ်းရှိ အဆိုပါ ပြန်/ဆက်ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်စံပယ်က ပြန်/ဆက်ရုံးတွင် ကျင်းပမည့် စာပေရေးရာဆွေးနွေးပွဲများ၊ အခြေခံပညာကျောင်းများတွင် ကျင်းပမည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းများ၊ စာရေးဆရာအသင်းနှင့် ပူးပေါင်းကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း (မြောက်ပြင်တော်ကကိုရွှေမော်) နှင့် အလုပ်အမှုဆောင်များက ပြန်/ဆက်နှင့် ပူးပေါင်းကျင်းပမည့် ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထား စိုက်ပျိုးကြပြီး ပဲ၊ ပြောင်း၊ ဝါ၊ နှမ်း၊ ကြက်သွန်၊ ငရုတ်စသည့် သီးနှံမျိုးစုံလည်း စိုက်ပျိုးကြကြောင်းနှင့် စင်းကွန်းကျေးရွာတွင် စိုက်ပျိုးထားသော မိုးကြိုပဲတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်သဖြင့် ပဲတီစိုက်တောင်သူများ စီးပွားရေး အဆင်ပြေလျက်ရှိသည်။

စင်းကွန်းကျေးရွာအုပ်စုသည် စမာစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင်ပါဝင်ပြီး ပဲတီစိမ်းသီးနှံ ၇၅ ဧက စိုက်ပျိုးထားပြီး ဒါန်းတိုင်ကျေးရွာအုပ်စု ဧက ၅၀၊ ရန်ဘက်လိုကျေးရွာအုပ်စု၌ဧက ၁၅၀၊ ပေတောကြီးကျေးရွာအုပ်စု၌ ၁၇၅ ဧက၊ ဘုံကွင်းကျေးရွာအုပ်စု၌ဧက ၄၀၊ ပန်းခွာကျေးရွာအုပ်စု၌ ၂၀၇ ဧက စုစုပေါင်း ၆၉၇ ဧက စိုက်ပျိုးထားသည်။

ပဲတီစိမ်းသီးနှံသည် စိုက်ပျိုးရာတွင် ပေါင်စနစ်ဖြင့် စိုက်ပျိုးပါက ရေသွင်းရေထုတ် လိုအပ်သလို ပြုလုပ်နိုင်သဖြင့် အပင်ဖြစ်ထွန်းမှုနှင့် အသီးထွက်နှုန်းပိုမိုသေချာကြောင်း၊ ခူးဆွတ်ရာတွင်လည်း ၅ ရက်ခြား တစ်ကြိမ်ခူးဆွတ်ရပြီး ပဲတီစိမ်းတစ်ဧကတွင် အပင်အပြုအစုနှင့် ရာသီဥတု အပေါ်မူတည်၍ တင်း ၂၀ မှ ၃၂ တင်းအထိ ထွက်ရှိကြောင်း ပဲတီစိုက်တောင်သူ ဦးမြင့်ကျော်က ပြောပြသည်။ **(အပေါ်ပုံ)**



**(၄၈၅)**

## ဆိုင်များအနေဖြင့် မိမိရောင်းချမှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် တံဆိပ်ကပ်နှိပ်ရန်လိုအပ်



**မန္တလေး ဇွန် ၂၉**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်များ ကောက်ခံလျက်ရှိရာ ဆိုင်များအနေဖြင့် မိမိရောင်းချမှုများအပေါ် အခွန်တံဆိပ်ကပ်နှိပ်ရန် လိုအပ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

"စားသုံးသူများအနေနဲ့ ကျသင့်ငွေကို ပေးချေတဲ့အခါမှာ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားတဲ့ပြေစာကို တောင်းယူရမှာဖြစ်သလို ရောင်းချတဲ့ ဆိုင်တွေကလည်း အခွန်တံဆိပ်ကပ်နှိပ်ထားတဲ့ပြေစာနဲ့ ရောင်းချရမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဆိုင်များအနေဖြင့် ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်မကပ်ခြင်း၊ အခွန်အမှတ်တံဆိပ်အား ကျသင့်အခွန်ထက်လျှော့၍ကပ်ခြင်း၊ ပြေစာထုတ်မပေးခြင်းရှိခဲ့ပါက ဝယ်ယူသူအနေဖြင့် အထောက်အထားဖြင့်ဖြစ်စေ၊ အသံဖိုင်၊ ဗီဒီယိုဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်း သိရသည်။

"ရောင်းချတဲ့ဆိုင်များက သတ်မှတ်တဲ့ အခွန်တံဆိပ်ကပ်နှိပ်ရမှာပါ။ အခွန်တံဆိပ်မကပ်ဘဲ ရောင်းတာမျိုးဆိုရင် ဒဏ်ကြေးငွေ ပေးဆောင်ရမှာဖြစ်တယ်။ သက်ဆိုင်ရာပြည်တွင်းအခွန်ဦးစီးဌာနက တာဝန်ရှိသူများကလည်း စည်းကမ်းလိုက်နာဖို့ ပညာပေးတာတွေ၊ ဆိုင်တွေမှာ ဗီနိုင်းကြော်ငြာချက်များကပ်ပြီးတော့ အသိပညာပေးတာတွေလုပ်နေပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရောင်းချသည့်ဆိုင်များက အခွန်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းမရှိပါက ပထမအကြိမ်ပျက်ကွက်လျှင် ငွေကျပ် ၁၀ သိန်း၊ ဒုတိယအကြိမ်ပျက်ကွက်လျှင် ငွေကျပ်သိန်း ၂၀၊ တတိယအကြိမ်ပျက်ကွက်လျှင် ငွေကျပ်သိန်း ၃၀ နဲ့ တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက် ငွေကျပ်သိန်း ၆၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ZLH

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

★ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား လေဆိပ်တွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။

အဆိုပါခရီးစဉ်များအတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union - EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ ရောက်ရှိချိန်တွင်လည်း စက်ရုံ၊ အလုပ်ရုံများသို့သွားရောက်လေ့လာခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

* ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
* အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဓာပြာပိုက်များဖြင့်ကာရံထားပါရန်၊
* ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
* လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်း ပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
* သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
* ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
* မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
* ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
* နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင် ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
* ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂၉

ရုရှားဖက်ဒရေးရှင်း နိုင်ငံ Buryatia ပြည်နယ်၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေး စက်ရုံတို့သို့ သွားရောက်လေ့လာသည်။

## ကြည့်ရှုလေ့လာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများလိုက်ပါ၍ Baikal ရေကန်အား ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Baikal ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တို့အကြားတွင် တည်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် အနက်ဆုံး ရေကန်တစ်ခုဖြစ်ပြီး အနက် ၁၆၄၂ မီတာ (၅၃၈၇ ပေ) ရှိကြောင်း၊ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်းသန်း ၃၀ ခန့်ကတည်းက တည်ရှိခဲ့သည့် ရှေးအကျဆုံး ရေချိုရေကန်တစ်ခုလည်းဖြစ်ကြောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့ပြီး ရှားပါးသော အပင်မျိုးစိတ် ၁၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့် ရှိသည့် ရေကန်တစ်ခုဖြစ်ကြောင်း၊ လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏အလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရေကန်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသို့ရောက်ရှိရာ စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများက Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံတကာနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။


စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Baikal ရေကန်ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအကြီးအကဲအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် Leo Bardamov ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ် ဒုတိယအကြီးအကဲ Ms. Evgenia Yurievna Ludupova နှင့် Leo Bardamov ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် Leo Bardamov ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြတိုက် တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ Leo Bardamov ပြတိုက်သည် အူလန်အူဒယ်မြို့တွင်တည်ရှိပြီး ရှေးခေတ်ဆိုဗီယက်လူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းကြောင်းများနှင့် စာပေများကို လေ့လာနိုင်သည့်အပြင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဆင်းတုတော်များနှင့် ၂၀ ရာစုနှစ် အနုပညာရှင်တို့၏ လက်ရာများကို လေ့လာခံစားနိုင်ကြောင်း၊ နေ့စဉ် ၁၁:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ ဖွင့်လှစ်ပြီး ပြတိုက်အတွင်း၌ စာပေယဉ်ကျေးမှုပန်းချီများ၊ အသုံးအဆောင်များ စသည့် အနုပညာလက်ရာ အမျိုးအစားပေါင်း ၅၀၀၀ ကျော်ပြသထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် Leo Bardamov ပြတိုက်တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

---

☆ စာမျက်နှာ ၄ မှ

အဆိုပါ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲ ပြုပြင်ရေးစက်ရုံသည် ၁၉၃၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော စက်ရုံတစ်ရုံဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ကမ္ဘာလုံးဆိုင်ရာ မီးရထား ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခု ဖြစ်သည့် Zheldorremmash ကုမ္ပဏီ၏ လက်အောက်ခံစက်ရုံတစ်ရုံ ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မီးရထားစက်ခေါင်း ပြုပြင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းဟူ၍ သုံးပိုင်းခွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါစက်ရုံမှ ပြုပြင်မွမ်းမံရေးဆိုင်ရာ နည်းပညာ



Buryatia ပြည်နယ်ရှိ Baikal ရေကန်ကို ဝေဟင်မှ တွေ့ရစဉ်။

အသစ်များအား အဆင့်မြှင့်တင်ခြင်း၊ မီးရထားစက်ခေါင်းများ၏ ပျမ်းမျှ မောင်းနှင်နိုင်မှုကို ပြုပြင်မွမ်းမံခြင်း၊ အာမခံဝန်ဆောင်မှုပေးခြင်းနှင့် မီးရထားစက်ခေါင်းများ သက်တမ်းတိုးခြင်းနှင့် မီးရထားစက်ခေါင်း အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံကို ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့အပါအဝင် ဒေသခံမီဒီယာများကလည်း လာရောက်သတင်းရယူခဲ့ကြသည်။

စက်ရုံအတွင်း လေ့လာမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ် ပြည်နယ် အကြီးအကဲတို့သည် အဆိုပါမီဒီယာမှ သိရှိလိုသည့် မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍ စသည်တို့တွင် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၉ ရက်ထုတ် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၄ အောက်ဆုံးညာဘက်တွင် ဖော်ပြပါရှိသော သတင်းဓာတ်ပုံ ပုံစာအား **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Buryatia ပြည်နယ် ဒုတိယအကြီးအကဲတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်”** ဟုလည်းကောင်း၊ စာမျက်နှာ ၅ အောက်ဆုံးစာပိုဒ်၊ စာကြောင်းရေ ၄ တွင် **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီးနှင့် ပြည်နယ်ဒုတိယအကြီးအကဲတို့သည်လည်းကောင်း”** ဟုပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

**မေး ။ ။** မကြာမီနှစ်အတွင်းမှာ ရုရှား-မြန်မာ ပူးပေါင်းဆက်ဆံရေး လုပ်ငန်းတွေဟာ အများကြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအခန်းကဏ္ဍတွေရော၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ထားတာရှိပါတယ်။ ဒီအထဲမှာ Buryatia နဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှု လုပ်နေတာတွေရှိပါတယ်။ အနာဂတ်မှာ Buryatia နဲ့ပတ်သက်ပြီး တော့ Buryatia နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဘယ်လို အပိုင်းတွေကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး ။ ။** အခု ဒီနေ့ကျွန်တော်လာကြည့်တဲ့ မီးရထား စက်ရုံလုပ်ငန်းအပါအဝင် စောစောပိုင်းက လေယာဉ်စက်ရုံလည်း ကျွန်တော်သွားကြည့်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ဖို့အတွက် အလားအလာရှိတဲ့ နေရာတွေဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် Buryatia မှာလည်း ဒီပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်သူ ပြည်နယ်သားတွေရှိတယ်။ မြန်မာ နိုင်ငံကလည်း ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အခါကျတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေက အလားအလာတွေလည်းရှိ တယ်။ နောက်ကျန်းမာရေးနဲ့ပတ်သက်တာတွေရှိတယ်။ နောက်ဝန်ကြီး ချုပ် ကမ်းလှမ်းထားတဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်တဲ့ ကမ်းလှမ်း ချက်လည်းရှိတယ်။ ပညာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့ ရှိပါလိမ့်မယ်။ နောက်စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်း တွေလည်း ဆွေးလည်းဆွေးနွေးပြီး ဆောင်ရွက်သွားဖို့ရှိပါလိမ့်မယ်။ နယ်ပယ်တော့အများကြီးရှိတယ်။ လုပ်စရာနယ်ပယ်တွေ အများကြီး ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**မေး ။ ။** အခုလက်ရှိ Buryatia ကို လာရောက်တဲ့အတွက် အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ Buryatia နဲ့ ပတ်သက်ပြီး တော့ ဘယ်လိုမျိုးမြင်ပါသလဲ။ Buryatia ရဲ့ အလှအပတွေ၊ Buryatia ရဲ့ သန့်ရှင်းမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုးမြင်ပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး ။ ။** အင်မတန် စိတ်ချမ်းသာရပါတယ် လာရတာ။ သာယာလှပတဲ့ ဒေသတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ရင်းနှီးတဲ့ ပတ်ဝန်းကျင်တစ်ခုကို ကျွန်တော်လာရတယ်လို့ ခံစားရပါတယ်။ ကျွန်တော် သုံးကြိမ်ရှိပြီ လာတာ။ ကိုယ့်ဒေသကို လာရသလို ကျွန်တော်ရင်းနှီးတဲ့စိတ်ရှိပါတယ်။ နောက်ထပ်လည်း လာနိုင်ဖို့ ကျွန်တော် ကြိုးစားဦးမယ်လို့ ပြောလိုပါတယ်။

**မေး ။ ။** Buryatia ပြည်နယ်အကြီးအကဲအနေနဲ့ ယခုကဲ့သို့ မြန်မာ နိုင်ငံကနေ နိုင်ငံတော်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ် လာရောက်မှုနဲ့ပတ်သက်ပြီး မည်သို့ခံစားရပါသလဲ။ ပြီးတော့ မြန်မာနိုင်ငံ နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီးပြောကြားပေးစေလိုပါတယ်။

**Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ ။ ။** မြန်မာနိုင်ငံ ကနေ သုံးကြိမ် လာတယ် ဆိုတော့ ကျွန်တော်အရမ်းကို ဂုဏ်ယူဝမ်းမြောက်မှုဖြစ်ပါတယ်။ သုံးကြိမ်လာတယ်ဆိုတာက ကျွန်တော်တို့ပြည်နယ်ကို ဘယ်လောက် အထိ ချစ်တယ်ဆိုတာကို ပြယုဂ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်နဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေလည်း အများကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ မကြာမီနှစ်အတွင်းက ကျွန်တော်တို့ Rapid Bio ဆေးဝါးကုမ္ပဏီ အနေနဲ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဆေးဝါးနည်းပညာနဲ့ပတ်သက်ပြီး ပစ္စည်းတင်သွင်းဖို့အတွက် Register တွေ လုပ်နေတာလည်းရှိပါတယ်။ ကျွန်တော်တို့ Ulan-Ude က ထုတ်ထားတဲ့၊ ရဟတ်ယာဉ် စက်ရုံ ကနေပြီးတော့ ထုတ်ထားတဲ့ ရဟတ်ယာဉ်တွေကလည်း မြန်မာနိုင်ငံမှာ အခုဆိုနှစ်အကြာကြီးအထိ အသုံးပြုနေတာတွေရှိပါတယ်။ လက်ရှိ အချိန်မှာလည်း အသုံးပြုနေသလို အနာဂတ်မှာလည်း ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းတွေ အများကြီးလုပ်ဖို့အတွက် စီစဉ်ထားတာ ရှိပါတယ်။ ဒီနေ့မှာဆိုရင်လည်း TMH Holding ကုမ္ပဏီကနေပြီးတော့ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သူတို့လုပ်ဆောင်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြသွားတာရှိပါတယ်။ လာမယ့် အနာဂတ် မှာလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဆွေးနွေးဖို့အတွက် စီစဉ်ထားတာ တွေလည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပညာရေး ပူးပေါင်း ဆောင်ရွက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ မြန်မာနိုင်ငံကနေပြီးတော့ ရုရှား ဘာသာစကား ပညာသင်ကြားတဲ့ ဆရာတွေအနေနဲ့ ထပ်ဆင့်သင်တန်း တွေပေးဖို့၊ အဆင့်မြင့်သင်တန်းတွေပေးဖို့အတွက်ကို Buryatia မှာ သင်ပေးနိုင်သလို၊ ကျွန်တော်တို့ Buryatia မှာရှိတဲ့ တက္ကသိုလ်မှာလည်း မြန်မာဘာသာစကားကို သင်ကြားဖို့အတွက် မြန်မာဘာသာစကားဌာန ဖွင့်ဖို့အထိလည်း ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံကလာတဲ့ အထူးဧည့်သည်တော် တွေကို ရေကန်ကို လိုက်လံပြသပေးပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာက လည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံကို Delegation သွားရောက်ခဲ့တာရှိပါတယ်။ သွားရောက်ခဲ့တဲ့အချိန်မှာ လည်း မြန်မာနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ကို လှိုက်လှဲစွာကြိုဆို ခဲ့တာတွေလည်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေပြောကြားလို တာကတော့ မြန်မာနိုင်ငံက သာယာလှပတဲ့ အလှတရားတွေ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တင်မကဘဲနဲ့ Delegation အဖွဲ့ဝင် အားလုံးက ခံစားခဲ့ရတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်နိုင်ငံ အပြန် အလှန် ကျွန်တော်တို့ Tourism အခန်းကဏ္ဍကို မြှင့်တင်ဖို့အတွက်လည်း ကျွန်တော်တို့ လျာထားစီစဉ်ထားတာရှိပါတယ်။

**ဗိုလ်ချုပ်မှူးကြီး ။ ။** ခင်ဗျားတို့ မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံ မှာလာပြီး လေ့လာဖို့အတွက် ကျွန်တော် ဖိတ်ပါတယ်။ မြန်မာပြည်ရဲ့ အခြေအနေတွေအားလုံးကို ခင်ဗျားတို့ ပြည်နယ်အကြီးအကဲကတော့ အကြမ်းဖျင်းရှင်းပြတာပေါ့။ ခင်ဗျားတို့ လာတဲ့အခါကျရင် ဒီထက်ပိုပြီး ထိတွေ့မှုခံစားမှု ပိုပြီးကောင်းပါလိမ့်မယ်။ ကျွန်တော် မကြာခင်မှာ ခင်ဗျားတို့ မျက်နှာလေးတွေ မြန်မာနိုင်ငံမှာ တွေ့ရမယ်လို့ ယုံကြည်ပါတယ်။ ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ် အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ ဒေသခံမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ် အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ Buryatia ပြည်နယ်ရှိ မီးရထားစက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။

# ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)တက်ရောက်ခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

မေး။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF)ကို တက်ရောက်ခဲ့တယ်။ ဒီတက်ရောက်ခဲ့တဲ့ ဖိုရမ်ကနေပြီးတော့ ဘယ်လို အောင်မြင်မှုတွေ၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ။ ပထမဦးဆုံး EAEU နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းလေး ပြောပြချင်ပါတယ်။ EAEU ဆိုတာ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ ဆိုပြီး ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာ ဖြစ်တယ်။ စတင်ထူထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နံပါတ်(၁)ကတော့ ပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့၊ နောက်တစ်ခုကတော့ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ စတင်ပြီးတော့ ထူထောင်ခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ၂၀၂၂ ခုနှစ်ကနေ စပြီးတော့ EAEU နဲ့ ဆက်သွယ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ EAEU ရဲ့ EEC အဖွဲ့ပါ။ EEC ဆိုတာ ဥရောပ-အာရှစီးပွားရေး အဖွဲ့ပါ။ အဲဒီအဖွဲ့က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ရောက်ရှိခဲ့တယ်။ ရောက်ရှိခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့တွေ့ပြီးတော့ ကဏ္ဍပေါင်းစုံမှာ မြှင့်တင်နိုင်ရေး၊ ကဏ္ဍပေါင်းစုံဆက်ဆံမှု မြှင့်တင်နိုင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာ ပိုပြီးတော့ အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် EAEU အဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကို ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU နားလည်မှုစာချွန်လွှာ ချုပ်ဆိုနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာပဲ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်မှာ ဒီစာချုပ်ကို ကျွန်တော်တို့ ချုပ်ဆိုနိုင်ခဲ့တာပါ။ ချုပ်ဆိုနိုင်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်မှာ EAEU က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာခဲ့တယ်။ လာတဲ့အချိန်မှာ ဒီ MoU ကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် MoU ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့တယ်။ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ နောက်တစ်ကြိမ် အစည်းအဝေးကိုတော့ ရုရှားမှာ ကျွန်တော်တို့ ကျင်းပခဲ့တယ်။ EAEU ရဲ့ခုနက ပြောတဲ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

မူလရည်ရွယ်ချက်ကို ပြောပြခဲ့ပြီး ဖြစ်တယ်။ EAEU အနေနဲ့က သူ့ရဲ့အခြေခံပဋိညာဉ်မှာ ဘာပါလဲ ဆိုတော့ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာ တည်တံ့မှု၊ နယ်မြေခိုင်မြဲမှုကို အလေးထားဖို့၊ နံပါတ်(၂) အချက်ကတော့ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားဖို့ ဆိုတာပါပါတယ်။ ဒါဟာ နိုင်ငံတိုင်းအတွက် လိုအပ်တဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေအရ စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ ကျန်တဲ့ အရေးအရာတွေပဲဖြစ်ဖြစ် သူတို့လိုရင် လိုသလို ပုံဖော်နေတယ်။ မလိုရင်မလိုသလို ပုံဖော်နေတဲ့ဟာတွေ ပိတ်ဆို့နေတဲ့ဟာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က EAEU နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအင်အားကိုရရှိလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ EAEU ရဲ့နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF)၊ အခုဆိုရင် (၄)ကြိမ်မြောက် ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်မှာလည်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းပြောကြားခဲ့တဲ့နေရာမှာလည်း ကျွန်တော်ပြောကြားခဲ့တဲ့ အချက်အလက်တွေအပြင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားခဲ့တာကို အားလုံးတွေ့နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ကြိုးစားဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်မှုလည်း အောင်မြင်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။ EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့အခြားအဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့လည်း မြန်မာနိုင်ငံကို ကြိုဆိုလက်ခံတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

မေး။ ။ ခရီးစဉ်အတွင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ကိုလည်း သွားရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီခရီးစဉ်ကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေကို ရရှိခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ။ Buryatia ပြည်နယ် အကြီးအကဲက ကျွန်တော်တို့မြန်မာနိုင်ငံကိုလည်း လာခဲ့ဖူးပါတယ်။ သတင်းထောက်ကြီးတို့လည်း တွေ့မှာပဲဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်မှာ Buryatia ပြည်နယ် အထိမ်းအမှတ်အနေနဲ့ မီးပုံးပျံလွှတ်တင်ခဲ့တာရှိပါတယ်။ ထူးခြားတာက Buryatia ပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး၊ ဘာသာရေးနဲ့ ပတ်သက်ပြီး ဆက်ဆံမှု၊ ဆက်သွယ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ ဗုဒ္ဓဘာသာညီလာခံဖိုရမ်တစ်ခု လုပ်ဖို့လည်း ဆောင်ရွက်နေတာတွေရှိတယ်။ မြန်မာနိုင်ငံက ဆရာတော်ကြီးတွေလည်း သူတို့ဆီကို ကြွနေတာရှိတယ်။ နောက်တစ်ခုက ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တွေ၊ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆောင်ရွက်နေတာရှိတယ်။ ဒါ့အပြင် Ulan-Ude မြို့မှာ ရထားပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး စက်ရုံတွေရှိတယ်။ အဲဒီစက်ရုံတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ခရီးသွားမြှင့်တင်ဖို့ ကျွန်တော်တို့ သွားရောက်လေ့လာခဲ့တယ်။ ဒီနေ့မှာဆို Ulan-Ude မြို့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ Buryatia ပြည်နယ်အကြီးအကဲတို့က ရထားစက်ရုံကိုလေ့လာပြီးတဲ့ နောက်ပိုင်းမှာ သူတို့မီဒီယာတွေကလည်း တော်တော်စိတ်ဝင်စားကြတယ်။ သူတို့ဆီက ပင်မမီဒီယာရှစ်ခုကလာပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်းမေးတယ်။ Buryatia ပြည်နယ်အကြီးအကဲကိုလည်း မေးတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ အဲဒီကနေ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

မေး။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ရုရှားနိုင်ငံသို့သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံကကျင့်သုံးနေတဲ့ နိုင်ငံခြားရေးမူဝါဒက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာဆိုရင် နိုင်ငံအားလုံးကို မိတ်ဆွေအဖြစ် မိတ်ဝတ်မပျက် ဆက်ဆံမှာဖြစ်တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က နိုင်ငံအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ကိုပိုပြီး အကျိုးပြုမယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ပြည်သူ လူထုရဲ့လူမှုအကျိုးစီးပွားအတွက် လက်တွေ့အကျိုးစီးပွားဖြစ်နိုင်တဲ့ နိုင်ငံတွေနဲ့ ဦးစားပေးပြီး ဆက်ဆံသွားရမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာလည်း မြန်မာပြည်သူလူထု၊ မြန်မာနိုင်ငံ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ လမ်းစကောင်းတွေကို ရရှိခဲ့တယ်လို့ ကျွန်တော် မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"

"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကိုဖြေကြားပေး"

"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"

# မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်(၇)မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်၊ သီလရှင် စုစုပေါင်း(၁၁၁၀၀)ပါးအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင်များ စုပေါင်း၍ စုစုပေါင်းငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲ လှူဒါန်းပွဲ အခမ်းအနားကျင်းပ







**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်(၇)မြို့နယ်ရှိ လျှော်ဘေးသင့်သံဃာတော်များနှင့်သီလရှင် စုစုပေါင်း ၁၁၁၀၀ ပါးအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့်စေတနာအလှူရှင်များ စုပေါင်း၍ ဆန်၊ ဆီ၊ ကုလားပဲများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ မာန်အောင်ရတနာစေတီတော်ဝါခင်းကုန်းဘုရားရှိ သိန်းသန်းရတနာသာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဓေတိကာရုံအုပ်ကျောင်း ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝ သီရိအမှူးပြုပြီး ပင့်သံဃာတော် ၅၅ ပါးနှင့်သီလရှင်(၁၀)ပါးတို့ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်H.E. Ms. Gao Ping၊ မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ (၃)ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင်

**စာမျက်နှာ ၉ သို့ ●**






















● စာမျက်နှာ ၈ မှ

ဆရာတော်ထံက ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒက္ခိဏာရာမဘုရားကြီးတိုက်ဓေတိကာရုံအုပ်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝါသဝသီရိထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်၊ မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က မြို့နယ်(၇)မြို့နယ်ရှိ ငလျင်ဘေးသင့်သံဃာတော်၊ သီလရှင်များအတွက် ဆန်၊ ဆီနှင့်ကုလားပဲ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပင့်သံဃာတော် ၅၅ ပါးအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ သီလရှင် ၁၀ ပါးအား လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီးနောက် မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရားဘက်စုံ ပြုပြင်မွမ်းမံနိုင်ရန်အတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း စေတနာအလှူရှင်များ စုပေါင်း၍ အလှူငွေကျပ် ၂၅ သိန်း၊ ဦးဝင်းမောင်+ဒေါ်ဝါဝါ မိသားစုက အလှူငွေကျပ် ၂၅ သိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌက အလှူငွေကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

၎င်းနောက် ချမ်းအေးသာစံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မိုးကောင်းကျောင်းတိုက်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာနှင့်ရေစက်ချတရားတော်များကို နာယူကြည်ညို၍ ရေစက်သွန်းလောင်းအမျှအတန်း ပေးဝေပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့လှူဒါန်းမှုမှာ မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်(၇)မြို့နယ်ရှိ ငလျင်ဘေးသင့်သံဃာတော်များ (၁၀၆၀၀)ပါးနှင့် သီလရှင်(၅၀၀)ပါး စုစုပေါင်း(၁၁၁၀၀)ပါးအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့်စေတနာအလှူရှင်များစုပေါင်း၍ တစ်ပါးလျှင် ဆန်(၆)ပြည်၊ ကုလားပဲ(၁)ပိဿာနှင့် ဆီ(၅၀)ကျပ်သား တစ်ဘူးနှုန်း (စုစုပေါင်းငွေကျပ်သိန်း ၆၀၀၀ ကျော်) လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာသင်တန်းကို စာတွေ့လက်တွေ့သင်ကြားမှု ပုံစံဖြင့် မကြာမီဖွင့်လှစ်ရန် စီစဉ်နေ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား (University Industry Collaboration) ပုံစံဖြင့် ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာသင်တန်း(Certificate Course/ Higher Certificate Course in Rice Processing Technology)ကို စာတွေ့-လက်တွေ့သင်ကြားမှုပုံစံဖြင့် မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

သင်တန်းများကို စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(Insein GTI)တို့နှင့် ပူးပေါင်းဖွင့်လှစ်ရန် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

သင်ရိုးညွှန်းတမ်းများနှင့် သင်ကြား၊ သင်ယူမှုများ ထိရောက်စေရန် ကြိုတင်ပြင်ဆင်လျက်ရှိပြီး သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့အနေဖြင့် ဇွန် ၂၄ ရက်တွင် SITE ကျောင်းသို့လည်းကောင်း၊ (၂၈-၆-၂၀၂၅)ရက်တွင် ရွှေဝါရောင်ဆန်စက်၊ စိမ်းလဲ့မြေဆန်စက်နှင့် GoodBrothers ဆန်စက်တို့ကို သင်ရိုးညွှန်းတမ်းအထောက်အကူပြုလေ့လာရေးခရီးများသွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖွင့်လှစ်ရန် ပြင်ဆင်နေပြီး သင်တန်းကာလ သုံးလ-လေးလခန့်ကြာ မြင့်မည်ဖြစ်ကြောင်း၊ သင်တန်း တက်နေစဉ်ကာလအတွင်း နေထိုင်စားသောက် စရိတ်ငြိမ်း၊ သင်တန်းကြေးအခမဲ့ဖြစ်ကာ သင်တန်းပြီးပါက ဆန်စက်များနှင့် ဆန်စပါးကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိမည့် employment guaranteed training ဖြစ်သည်။



ယင်းသင်တန်းသို့ THS, AGTI တက်ရောက်ခဲ့သူများ၊ လက်မှတ်ရပြီးသူများ အပါအဝင် ဆန်စက်လုပ်ငန်းနှင့် သက်ဆိုင်သော လျှပ်စစ်၊ စက်မှုနည်းပညာပိုင်းဆိုင်ရာ အခြေခံအတွေ့အကြုံရှိသူများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသူများအနက်မှ ရွေးချယ်စိစစ်မှု (entry interview)ဖြင့် ပါဝင်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မျိုးရင်ရင် သီလရှင်စာသင်တိုက်နှင့် သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိ သာသနိကအဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီစာသင်ဆောင်များနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု သပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား(အင်းဝ)၌ တံတားအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ်(၄)နှင့်(၅)တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့် မြတ်စွာဘုရားရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လေးကျွန်းမြေအုဌ်ကျောင်းနှင့် လူနေအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၂၀၇ ဦးအား ပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဇွန် ၂၄ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ တာလေ့ဂိတ်၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thin Zarnwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၆)ရပ်ကွက်နေ သဉ္ဇာနွယ်အား မွန်းလွဲ ၁၂ နာရီခွဲတွင် မြင်းခြံမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# နိုင်ငံတကာ အားကစား သတင်းများ

## ကိုးလ်မန်း အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၂၉**

အဲဗာတန်အသင်းသည် အသင်းဝါရင့် နောက်ခံကစားသမား ကိုးလ်မန်းအား တစ်နှစ် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၀၉-၂၀၁၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၈ ပွဲကစားကာ ၂၈ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ကိုးလ်မန်းက "ကျွန်တော်အခုလို အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## မန်ချက်စတာစီးတီးအသင်းတွင်သာ ဆက်ရှိသွားမည်ဟု အီဒါဆန် အတည်ပြု

**မန်ချက်စတာ ဇွန် ၂၉**

မန်ချက်စတာစီးတီးအသင်း ဂိုးသမား အီဒါဆန်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ဂိုးသမား အီဒါဆန်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၁ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ အီဒါဆန်က "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းမှာ ကျွန်တော်ကိုယ်တိုင်လည်း ပျော်ရွှင်နေပါတယ်။ လာမယ့် အနာဂတ်မှာ အသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)






## ၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို အင်္ဂလန်အသင်း ဆွတ်ခူး

**လန်ဒန် ဇွန် ၂၉**

၂၀၂၅ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဂျာမနီအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယခုဗိုလ်လုပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်းတို့ နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မိနစ် ၉၀အထိ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျနေခဲ့ခြင်းကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုတွင် အင်္ဂလန်အသင်းက လူစားဝင်ကစားသမား ရိုဝီ၏ သွင်းဂိုးဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို ၂၀၂၃ခုနှစ်နှင့် ယခု ၂၀၂၅ ခုနှစ်တို့တွင် နှစ်ကြိမ်ဆက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

(အပေါ်ပုံ)
(NGB)

## အော်တာမန်ဒီ ဘင်ဖီကာအသင်းနှင့် ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၂၉**

ဘင်ဖီကာအသင်းသည် ဝါရင့် နောက်ခံကစားသမား အော်တာမန်ဒီကို ၂၀၂၆ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

အသက်(၃၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၁ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူ ဆုဖလားသုံးလုံးထိလည်း ရယူနိုင်ခဲ့သည်။



ဘင်ဖီကာအသင်းထုတ်ပြန်ချက်တွင် "အော်တာမန်ဒီအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသက်အရွယ်ပိုင်းရရှိပေမယ့်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးဘဲ အသင်းအတွက်များစွာအထောက်အကူပြုတဲ့ ကစားသမားတစ်ဦးပါ"ဟု ထုတ်ပြန်သည်။ (NGB)

## ဒရစ်ကောက်အား နည်းပြသစ်အဖြစ် FC Dordrecht အသင်းခန့်အပ်

**လန်ဒန် ဇွန် ၂၉**

နယ်သာလန်ဒုတိယတန်းကလပ် FC Dordrecht အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒရစ်ကောက်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**

နည်းပြ ဒရစ်ကောက်သည် နည်းပြဘဝတွင် ADO Den Haag အသင်း၊ Beerschot အသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် FC Dordrecht အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ ဒရစ်ကောက်အနေဖြင့် FC Dordrecht အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)






## အမ်ဘူမိုအတွက် မန်ချက်စတာယူနိုက်တက်အသင်း၏ ဒုတိယအကြိမ် ကမ်းလှမ်းလာမှုကို ဘရန့်ဖို့ဒ်အသင်း ပယ်ချ

**လန်ဒန် ဇွန် ၂၉**

ဘရန့်ဖို့ဒ်အသင်းသည် အသင်း အဓိကတောင်ပံကစားသမား အမ်ဘူမိုအတွက် မန်ချက်စတာယူနိုက်တက်အသင်း၏ ဒုတိယအကြိမ် ကမ်းလှမ်းလာမှုကို ပယ်ချခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အမ်ဘူမိုအတွက် စတာလင်ပေါင် ၆၂ဒသမ ၅သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အမ်ဘူမိုသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ ပွဲကစားပြီး ဂိုး ၇၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘရန့်ဖို့ဒ်အသင်းထုတ်ပြန်ချက်တွင် "အမ်ဘူမိုအတွက် မန်ချက်စတာယူနိုက်တက်အသင်းရဲ့ ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

## အလာဘာ ခြေသလုံးဒဏ်ရာထပ်မံရရှိခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းနှင့် ကစားမည့် ပွဲစဉ်အား လွဲချော်မည်

**မက်ဒရစ် ဇွန် ၂၉**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အလာဘာ ခြေသလုံးဒဏ်ရာထပ်မံရရှိခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းနှင့် ကစားမည့် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်းရှုံးထွက်ပွဲစဉ်အပါအဝင် လက်ကျန်ပွဲစဉ်အားလုံး လွဲချော်သွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဧပြီလက ဘယ်ဘက်ဒူးဒဏ်ရာခွဲစိတ်မှုခံယူခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာကာ ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ခန်းများ ပြန်လည်ပြုလုပ်နေစဉ်အတွင်း ခြေသလုံးဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား အလာဘာသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၆ပွဲကစားပြီး ငါးဂိုး သွင်းယူကာခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်း ရှုံးထွက်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲတွင် ဂျူဗင်တပ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## 2025 Bad Homburg Open Powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Iga Swiatek တက်ရောက်

**ဟမ်းဘတ် ဇွန် ၂၉**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini ကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Bad Homburg Open powered by Solarwatt တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အမေရိကန်တင်းနစ်မယ် Jessica Pegula တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**(NGB)



### ဖီဖာကလပ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(၁၆ သင်းအဆင့်) ရှုံးထွက်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁-၇-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁း၃၀နာရီ | အင်တာမီလန်(အီတလီ) - ဖလူမီနီ(ဘရာဇီး) |
| ။ | နံနက် ၀၇း၃၀နာရီ | မန်စီးတီး(အင်္ဂလန်) - အယ်ဟီလာ(ဆော်ဒီအာရေဗျ) |



## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနား တက်ရောက်

**မကွေး ဇွန် ၂၉**

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေသည့်အတွက် သစ်ပင်သစ်တောများမပြုန်းတီးစေရေးနှင့် သစ်တောသစ်ပင်များ တိုးပွားရှင်သန်စေရန်နှင့် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၅ ခုနှစ် မကွေးတိုင်းဒေသကြီး မိုးရာသီ (တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန် ၂၈ နံနက် ၇ နာရီက မကွေးတက္ကသိုလ်အရှေ့ဘက် အောင်စေတနာရပ်ကွက်တွင်ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ သစ်ပင်များစိုက်ပျိုးနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက အားလည်းကောင်း၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်တစ်ဦးအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦးအားလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အောင်စေတနာ A ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား ပျိုးပင်များ အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်တွင် တပျော်တပါး စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ တမာ၊ ပန်းမဲဇလီ၊ ဆီသပြေ၊ စိန်တံချူ၊ ကုလားကုက္ကို၊ မယ်ဇယ်၊ မဲဇလီ၊ ရေတမာ၊ ဖျောက်ဆိပ် အစရှိသည့် သစ်မျိုးစုံနှင့် ပန်းအလှပင် စုစုပေါင်း သစ်မျိုး ၁၀ မျိုးနှင့် ပျိုးပင်ပေါင်း ၁၂၀၀ ပင်အား စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် မိုးရာသီအကြို လူထုလှုပ်ရှားမှုအသွင်ဖြင့် ယခုနှစ် ဇွန်လတွင် စိုက်ပျိုးပင်ပေါင်း ၂၅ သိန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

## စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်း

**မန္တလေး ဇွန် ၂၉**

စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံလှူဒါန်းနိုင်ရေးအတွက် စာရေးဆရာမကြီး အေးအေးခိုင် (ပညာရေး)က ဦးဆောင်၍ စာအုပ်လှူဒါန်းပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့နေ စာရေးဆရာမကြီး အေးအေးခိုင်(ပညာရေး)နေအိမ်၌ ကျင်းပရာ အလှူရှင်များ၊ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့၊ ၂၆လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားနေ ဒေါ်ဌေးဌေး၊ဒေါ်လှလှမြင့် (မြသုံးလုံးမော်တော်ယာဉ်မိသားစု)က ပုသိမ်ကြီးမြို့နယ် မြို့မစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံအုပ်ရေ ၁၀၀၀ လှူဒါန်းရာ စာကြည့်တိုက်မှူး ဖိုးလှိုင်လေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ပုသိမ်ကြီးမြို့နယ်၊ နန္ဒာမြောက်ရွာ အလင်းရောင်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးအောင်လွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အလှူရှင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ညိုက အုပ်ရေ ၅၀၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း၊ အသင်းအမှတ်(၁၄၁) ဒေါ်မိမိက ၂၇ အုပ်ကို ပုသိမ်ကြီးမြို့မိုင်ကုန်းကျေးရွာဘဝအသိစာကြည့်တိုက်အတွက် လှူဒါန်းကြရာ စာကြည့်တိုက် တာဝန်ခံ ဦးရန်ရှင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၉၁)



## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် ညနေ ၄ နာရီက မြို့မအားကစားကွင်းတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပုန်းထွန်းရပ်ကွက်နှင့် ရန်အောင်မြေရပ်ကွက်အသင်းတို့ ပွဲချိန်ပြည့်ယှဉ်ပြိုင်ကစားခဲ့ရာ ပုန်းထွန်းရပ်ကွက်အသင်းမှ ရန်အောင်မြေရပ်ကွက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇွန် ၂၆ ရက်မှ ဩဂုတ် ၄ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်များနှင့် ကူမဲ၊ ပလိပ်မြို့နယ်ခွဲများတွင် နေထိုင်လျက်ရှိသောပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား စားသုံးဆီအခက်အခဲမရှိစေရေး စားအုန်းဆီများ ရောင်းချပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ဖြင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ ပေးလျက်ရှိသည်။



အဆိုပါ စားအုန်းဆီများအား ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ Htike Co.;Ltd. မှ ဝယ်ယူရရှိသော စားအုန်းဆီများဖြစ်ကြောင်းနှင့် ကျောက်ဆည်ကိုယ်စားလှယ် Golden Lion မှ ကျောက်ဆည်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းတွင် အာကာကျော်(၂) ဆီအရောင်းဆိုင်မှ စားအုန်းဆီပိဿာ ၃၆၃၀ ပိဿာအား တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းခြံ ဇွန် ၂၉**

ပြည်သူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို အလေးထား သိရှိနားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်စေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မစတင်မီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇာနည်ဝင်းတို့က တာဝန်ရှိသူများအား ပျိုးပင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးထားသည့် သစ်ပင်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေလောင်းခြင်းများ ပြုလုပ်ခဲ့သည်။



အဆိုပါ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ပေနှင့်အထက် တမာ၊ ဗာဒံ၊ ကုက္ကို၊ မန်ကျည်း၊ပိတောက်၊ ငုဝါ၊ တပေဘူတာ၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်းပျိုးပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၆)



# ပန်းမော်နေရပ်စွန့်ခွာဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဇွန် ၂၉**

ကချင်ပြည်နယ်၊ ဗန်းမော်နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ငွေးချိုတိုက်၊ ရန်ကုန်အုတ်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ငွေးချိုတိုက်၊ ရန်ကုန်အုတ်ကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာ၊ ဗန်းမော်ကမ်းနားရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ မန္တလေးမြို့ရှိ ဗန်းမော်နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောဿ သုံးကြိမ်ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်က ဩဝါဒစကားမိန့်ကြားသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်းနှစ်ရာငါးဆယ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးမိသားစုက ထောက်ပံ့ငွေကျပ် သိန်းငါးဆယ်၊ စုစုပေါင်းငွေကျပ် သိန်းသုံးရာကို တိုင်းရင်းသားရေးရာဝန်ကြီးက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများကိုယ်စား ဦးသန်းလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းပြီး ဝန်ကြီးက တက်ရောက်လာကြသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၃)

*-*-*-*-*




# မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၈ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကို ပြောကြားပြီး တက်ရောက်လာသော ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရာထူးတိုးစာမေးပွဲ သွားရောက်ဖြေဆိုမည့် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်(၂)ဦးအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

(အပေါ်ပုံ)(ဝ၄၅)

# အမျိုးသားလက်ရွေးစင် ဒုတိယအကြိမ်အဖြစ် လမ်းကြမ်းအပြေးအားကစားပြိုင်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားကျေးရွာအုပ်စု၊ ပုပ္ပားတောင်မကြီးတွင် ဒုတိယအကြိမ်အဖြစ် Myanmar Ultra Trail Running Association (MUTRA) အမျိုးသား လက်ရွေးစင်အဆင့် လမ်းကြမ်း အပြေးအားကစားပြိုင်ပွဲကို ဇွန် ၂၈ ရက် နံနက်က ကျင်းပသည်။

အဆိုပါ လမ်းကြမ်း အပြေးအားကစားပြိုင်ပွဲကျင်းပရာတွင် ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားကျေးရွာအုပ်စု၊ ပုပ္ပားတောင်မကြီးတွင် ကျင်းပခဲ့ရာ (50) KMအား ပြိုင်ပွဲဝင် ၂၆ဦး၊ (25)KM အား ပြိုင်ပွဲဝင် ၉၃ ဦး၊ (15)KM အား ပြိုင်ပွဲဝင် ၁၁၉ ဦး၊ စုစုပေါင်း ၂၃၈ ဦးတို့ဖြင့် ကျောက်ပန်းတောင်းမြို့နယ်၊ စကားဝါဥယျာဉ်အတွင်းမှ စတင်တာလွှတ်ခဲ့ပြီး ကြာချိန် ၁ နာရီ ၂၄ မိနစ်တွင် ပြိုင်ပွဲဝင် ကိုရန်နိုင်က ပထမဆုံးအဖြစ် ပန်းဝင်ခဲ့ကြောင်း၊ (15)KM ပြိုင်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးမှ Second Secretary ဖြစ်သူ Mr.Thomas Andrew Lee နှင့် ရန်ကုန်မြို့ အခြေစိုက် (USAID) မှ Economic Growth Office Director at USAID ဖြစ်သူ Mr.John Richard Pasch တို့ နှစ်ဦးအပြင် စုစုပေါင်း နိုင်ငံခြားသား ငါးဦးသည်လည်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ လုံခြုံရေးအား ပုပ္ပားရဲကင်းစခန်းမှ ယာယီစခန်းမှူး ရဲအုပ်ကျော်ကျော်ဝင်းနှင့် ပူးပေါင်းအဖွဲ့က လုံခြုံရေးဆောင်ရွက်ခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာန (ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး)တို့က အနီးကပ်ကြပ်မတ် ဆောင်ရွက်ခဲ့ကြပြီး နံနက် ၉ နာရီတွင် ပြိုင်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

သဲသဲ(ပြန်/ဆက်)




# အခွန်ဆိုင်ရာအသိပညာပေး ပိုနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာသည့် ဗီနိုင်းများ ချိတ်ဆွဲထားရှိမှုတို့ကို ပူးပေါင်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထွန်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်ပြီး "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

# အသိပညာပေး Talk Show ဆောင်ရွက်

**ပုသိမ်ကြီး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်း၍ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်း(သို့မဟုတ်) မြန်မာဆန်စပါး အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ပံသုကျီခန်းမ၌ ကျင်းပသည်။

Talk Show ဆောင်ရွက်ရာတွင် မြန်မာဆန်စပါးအွန်လိုင်းမှတ်ပုံတင်ခြင်းအကြောင်း၊ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ အထက် သိုလှောင်ရုံ တစ်မျိုးမျိုးပိုင်ဆိုင်ထားသူများ အနေဖြင့် (www.doca.gov.mm)တွင် မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ဆန်စပါးသိုလှောင်ရုံပိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်း၊ မြန်မာဆန်စပါးအွန်လိုင်း (MyRO)နှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက မန္တလေးမြို့၊ ၃၅ လမ်း၊၆၅လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အစရှိသည်များအား ဆွေးနွေးခဲ့ကြသည်။


အဆိုပါ Talk Show တွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးငြိမ်းစံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာအေးတို့က ပြည်သူများ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၉၅)



# လွမ်းပန်း ပန်းချီ

လျှမ်း(မန်းတက္ကသိုလ်)



ဝတ္ထုတိုကဏ္ဍ

ရေနီမြောင်းတံတားဖြတ်၍ ဗောဓိကုန်း လမ်းသုံးခွရောက်သည်နှင့် ရင်လှပ်လှပ်ခုန်သည်။ ဒွိဟစိတ်ဖြင့် ဒီတီ ဂီယာဖိုးမှ သရီးချိန်းမိသည်။ လီဗာလျှော့ ဘရိတ်တော့နင်းမိသည်။

'သား… ‥ဖေကြီး ကျောင်းထဲ မဝင်တော့ဘူး။ ရွှေဘုံသာကဖေးကပဲ ထိုင်စောင့်တော့မယ်။ သား ဘာသာ ဒီတီမောင်းဝင်သွားတော့ကွာ။ အိုကေတယ် မဟုတ်လားသား' ။

ကျွန်တော် ဒီတီပေါ်က ဆင်းသည်။ သားသည် နားလည်ခက်ဟန်နှင့် ကျွန်တော့်အား ကြည့်သည်။ သို့သော် မတတ်နိုင်။

သားသည် ဒီတီဘီးစ,လိုမ့်သည်။ ဟိုး…တောင်ဆီမှာ ထင်းလင်းရှင်း လှမ်းမြင်နေရသည်ကား… ပြာလွင်ဘက်ဂရောင်းထက်မှ ဖြူဝင်းဝိုင်းစက်စာလုံးကြီးများနှင့်။

'မန္တလေးတက္ကသိုလ်'

ကျောင်းတံခါးဝမုခ်ဦးကြီး။

မုခ်ဦးကြီးသည် ရှေးယခင်ကနှယ် လန်းလွင်ဆဲ။ ဘေးဝဲ၊ ယာ ကိုယ်ရံတော် ယူကလစ်နှင့် ကုက္ကိုပင်ကြီးများက ပစ္စက္ခတိုင် ခိုင်မတ်ဝန်းရံစောင့်ကြပ်ပေးနေကြမြဲ။

'တမာ ထနောင်း
နှစ်မြွာ တန်ဆောင်းနဲ့
အညာကျောင်းကွဲ့
မန်းတက္ကသိုလ်'

'မြ-မြစိုနန္ဒာ ရေညိုသန်းပါခဲ့
လှ-လှမျို့ကန်သာ
လေချိုဆမ်းချိန်ပေါ့
မ-မတို့ စံရာ ဆွေပျိုဖြန်းတွေက
သပြေညိုပန်းနဲ့ လှမ်းတက်အမီ
ရွှေဗဟိုလွမ်းတဲ့ မန်းတက္ကသီ'

'ချစ်သော်မော် ပြည်ဗမာ
တစ်လွှားမှာဖြင့်
လှစ်ကော်ရော် ဝေကဗျာပါးချင်ရဲ့
စေတနာများလှ
သန်းကနက်ဗဟို
ရွှေအညာသားဗျ မန်းတက္ကသိုလ်'

ဖွဖွ ရွတ်ဆိုမိသည်။ ယခင်က ဤနေရာ၌ ဝါရွှေစိမ်းမြ လှပန္နံနှောင်းပင်ထနောင်းအိုကြီးနှင့် စိမ်းဖန့်ဖန့်တမာတန်းနှင့် 'ရွှေမင်းသားကဖေး' သည် ပန့်သင့်ဖူး၏။ မေဂျာစုံ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများ၊ ချစ်သူချင်းများ အချိန်းအချက်ပြု ဆုံစည်းရာပါပေ။ ရေဒီယိုတေး၊ စတူဒီယိုတေးများ လှည့်ကြော့ဝေစီစွာနှင့် စည်ကားခဲ့သည်လေ။ ကဖေးလေး၏ နံဘေးတွင် ရေသွင်ကြည်ကြည်နီနီနှင့် ရေနီမြောင်းလေး ရစ်ခွေစီးဆင်းခဲ့သည်လေ။ လေပြေတသင်းသင်းနှင့် လူခြေရှင်းသည့် ရေနီမြောင်းပေါင်ဖုန်ထူထူလမ်းဖုံဖုံလေးထက်မှာ အင်ကြင်း၊ နှင်းဆီ၊ သရဖီတို့နှင့် ကျွန်တော်။

တမင်မတွေးဘဲလျှင် အတွေးကွန်ရက်သည် တဒင်္ဂနှင့် ခန္ဓာအနှံ့ဖွဲ့ဆက်ပျံ့သွားခဲ့ချေပြီ…။ လိပ်ပြာမလုံ့တလုံနှင့် ကျွန်တော်သည်…၊ မဟူရာနိုင်လွန်ကတ္တရာလမ်းမ…။ တမာ၊ ထနောင်းတို့ နှစ်မြွာတန်ဆောင်းသို့ ခက်လက်ယှက်ထိုး အေးရိပ်မိုးလမ်းမ…။ နီတစ်ချိဝါတစ်လှည့် စိန်ပန်း၊ ငုဝါ လှရိပ်ဖြာလမ်းမ။ ကျောင်းအဝင်ဝမှ အထင်ကရ ဧရာနန္ဒတိုင်ခြောက်လုံးနှင့် ပင်မအဆောက်အအုံကြီး၏ လှေကားထစ်များ အခြေထိ သွယ်ဆင်း လမ်းမ…။ အဓိပတိလမ်းမဘက်သို့ ဦးတည်ဒုန်းနှင်သွားသည့် သား၏ ကျော်ကီ ဒီတီနောက်မြီးမှ လွင့်စင်ကျန်ခဲ့သည့် အိတ်ဇောငွေ့ ဖြူလွှင်လေးများအား ငေးကြည့်မိသည်။ တစ်ခဏအတွင်း၌ မြင်ကွင်းမှ ဒီတီလေး ဝေး…သေး… ပျောက်ကွယ်သွားသည်။

ကျွန်တော် ကျောင်းထဲအထိ ဒီတီမောင်းပို့ခြင်းငှာ မစွမ်းသာ။ ကျွန်တော့် အကြောင်းနှင့် ကျွန်တော်ပါ။ ရင်ထဲမှာ ဝေဒနာတို့ ရုန်းကြွလာကြသည်။ နှောင်းအတိတ် လွမ်းပန်း ပန်းချီကားသည်လည်း ရင်ဝေဒနာတို့နှင့်အတူ တစ်ဖန်ပြန်လည်၍။

'အိပ်မက်စေတမန် … ညှင်းသွဲ့ဝန်းရံလေသွေးပြန် … ဥသြတွန်သံ‥ကြားရသည်မှ … နိုးထလာသည့်ဟန်… သြော် … သကြိန်…

ကွန်ဖို့ဘက်မှ လွင့်ပျံ့လာသည့် ဆိုတီးကျင့် သီချင်းသံ၌ ကျွန်တော် နှစ်ဝင်မျောပါသွားသည်။

ဇာတ်မင်းသားလေး သိန်းဇော်နှင့် သကြိန်မင်းသား ဇော်ဝမ်း စုပါနှစ်ဇော်ကြားသံဖြင့် အဆိုကျင့် အသံရှင်အား လက်ဖျားခါမိသည်။ နားဝင်ပီယံရှိပေစွ။

ပန်းချီကိုမိုးဃ်နှင့်အဖွဲ့ လက်စွမ်းပြနေရသည့် 'တမာနန်း' သကြိန်အလှပြယာဉ်ကြီး၏ ဘက်ဂရောင်းခံဆေး စိမ်းဖန့်များအား ကျွန်တော့်နည်းတူ ဆေးခွက်၊ စုတ်ပြား ဘယ်ညာနှင့် ကူညီလိမ်းခြယ်သပေးနေရာမှ ထ၍ ကိုနောင်(နောင်-ရှုပ)သည် သံဝါကြီးနှင့် အော်၏။

'ဗျို့… ကိုမာန်ဦးရေ၊ ဗိုကယ်သမားက ဒီနားမှာ ငယ်ငယ်တုန်းက သူငယ်ချင်းမ ရည်းမစားတစားမ ဘာညာကွိကွကို ခုထိလွမ်းတဲ့သူ ရှိမှန်း ဘာမှန်းမသိ ဖွတ် အိပ်မက်စေတမန် ပြနေပါလားဗျို့။ အဲ့ဒီအလွမ်းသမား၊ လွမ်းကန်ထရိုက်တာ၊ အလွမ်းရိုက်တာက နဂိုကမှ မဂ္ဂဇင်းတွေမှာ ထောင်းလမောင်းထအလွမ်း - ဝတ္ထု၊ အသည်းကွဲဝတ္ထုရေးပြနေပါတယ်ဆိုမှဗျာ။ ပြီးတော့ သူ့စာပါလာရင် ဖတ်ချင်မှန်း၊ မဖတ်ချင်မှန်းမသိ ဖွတ်လက်ဖက်ရည်တိုက် ဖတ်ခိုင်းတာ သူ့ရိုးရာ မဟုတ်ပါလားဗျာ။ သေချာပါတယ် ဒီအိပ်မက်စေတမန်နဲ့တော့ ကျုပ်တို့ ဖွတ်လက်ဖက်ရည်တွေ အားနာပါးနာ သောက်ကြရပေဦးမပေါ့ ဟုတ်လား ကိုမာန်ဦးရေ ခင်ဗျာ…'

'သေချာတာပေါ့ ကိုနောင်ရေ၊ နေပါစေ အသာလေးခွေးလွတ်၊ အဲ‥ ခွင့်လွှတ်ပေးထားလိုက်ပါ။ သူ့ဖီးလ်သူ့ဖီလင် သူ့လယ်ပြင်မှာ သူ့ဟာသူနွားကြီး…ကို ဘာသိဘာသာ ဖာသိဖာ ခေါင်းဆိုက်ကားနဲ့ မောင်းလွှတ်ကျောင်းထားလိုက်ပါ။ သွားနောက်မှ သူ့ရောဂါ ထဖောက်လာပြီး ဝဠ်ပဲ…ဝဠ်ပဲ… ဝဠ် ထလိန်းထ,အော် မြင်ရာလိုက်ဝှေ့နေမှ ကျုပ်တို့ ပြေးပေါက်မှားနေကြပါဦးမယ်ဗျာ။ အင်း…သူများသာ စနောက်နေရပေမယ့် လက်ပံလည်းဖူးတောင်လေမြူးနဲ့ ခုလိုအိပ်မက်စေတမန် သီချင်းလေးနဲ့ဆိုတော့ ကျုပ်တောင်မရှိတဲ့ ရည်းစားလွမ်းသလိုလို အောင်နက်၊ ဂုတ်ကျားတို့လို ထ,အူချင်လာသလိုလို ဟော့(ဖ်) ဖီးလ်ကြီးနဲ့ ခံစားရခက်လှသမို့ အောင်မငေး မြတ်စွာဖျား ဝါးအားအား ဟား ဟီး…ရွတ်… ဘတ်'

ရုပ်တည်ကြီးနဲ့ ပန်းချီမာန်ဦး (ကဗျာဆရာ-မာတေးအို)သည် ထန်ဟန်နှင့် ငိုချင်းထ,ချနှပ်ညှစ်ပြသည်။ ဝါးဟားဟား‥၊ ဟေဟော့ဟေ‥ ရယ်ရတယ်ဟော့….ဗြဲ။

ရယ်နည်းမျိုးစုံနှင့် ဝိုင်းလှောင်ရယ်ကြ၏။

'နောက်မနေကြပါနဲ့ အန်ကယ်တို့ လှည်းဦးပေါ့နေလို့ ရှေ့နည်းနည်းတိုးထိုင်ကြပါနော့'

ကျွန်တော်မခံစားရဟန်နှင့် ပြန်နောက်လိုက်၏။ 'ရာဇက်ခန်းမ စာကြည့်တိုက်' အရိပ်၌ ခြေပစ် လက်ပစ်ထိုင်နား၏။ လွယ်အိတ်ထဲမှ ဆင်ဆင် ဆေးပေါ့လိပ်ထုတ်ယူ မီးညှိရှိုက်ဖွာသည်။ သို့ပေမယ့် ရင်မချောင်၊ စိတ်ပေါ့မသွားမှန်းဘာသာ သိသည်။

ထိုစဉ်…ကျောင်းသူမ လှလှလေး တစ်ဦးသည် ချာလီထီးရောင်စုံလှလှလေးဆောင်းလျက် ကျွန်တော်တို့နှင့် မလှမ်းမကမ်းသို့ ရောက်ချလာ၏။

'ဒီဂရုထဲမှာ ကိုရရဆိုတာ ရှိပါသလားရှင့်'

ချိုလွင်ကြည်သာ သံစွာစွာလေးဖြင့် လှမ်းမေး၏။

'ကျွန်တော် ကိုရရပါခင်ဗျ'

ကျွန်တော်ထိုင်ရာမှထ၊ ထူးပြလိုက်၏။ သူမအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

'ဟုတ်ကဲ့ရှင့်… ဆရာမ ဒေါ်သရဖီက စာလူကြုံပါးခိုင်းလိုက်လို့ပါရှင့်။ ဟောဒီမှာပါရှင့်။ ခွင့်ပြုပါဦးရှင့်'

ရှင့်တွေဆင့်လျက် ခပ်သွက်သွက်နှင့် စာရွက်ခေါက်လေးကမ်းပေးသည်။ သွက်သွက်နှုတ်ဆက် ထွက်ခွာသွားသည့် ချာလီထီးရောင်စုံလှလှလေးနှင့် ကျောင်းသူမ လှလှလေး ခပ်ဝေးဝေးရောက်သွားသည်နှင့် ကျွန်တော် စာရွက်ခေါက်လေးအား ဖြန့်ဖတ်သည်။

'ကိုရရရေ
သရဖီပါ
ရွှေမင်းသား ကဖေးက
စောင့်နေပါ့မယ်။
ခဏလောက်
လာတွေ့လှည့်ပါနော်။
မျှော်နေပါ့မယ်။
သရဖီ'

ခပ်ယဉ်ယဉ် ရန့်မွှေးသည့် စိမ်းဖန့်တမာတန်းနှင့် ဝါရွှေစိမ်းမြ ထနောင်းပင်အိုကြီးနှင့် ပန့်သင့်လွန်းလှသည့် 'ရွှေမင်းသားကဖေး'သည် ဗစ်တာခင်ညို၏ နွေသီချင်းသံနှင့် ငြိမ်လျက်လူသူရှင်းနေ၏။

ကျွန်တော့်ရာလေးစက်ဘီးကြီးအား ထနောင်းပင်အောက် ဒေါက်ထောက်ရပ်သော့ခတ်ထားလိုက်၏။ သရဖီရှိရာ စားပွဲသို့ သွက်သွက်လျှောက်သွားလိုက်သည်။

'မင်္ဂလာပါဆရာကိုရရ ထိုင်လေဘာသောက်မှာလဲ ဆရာ'

သရဖီက ပီဘိကလေးပမာ လန်းဆန်းကြည်သာ ဆီးကြိုပါသည်။ လှိုက်လှဲရင်းနှီးသံလေးများ ပြန်ကြား၊ သရဖီအား ပြန်တွေ့ရသည်နှင့် ရင်သည် လှိုက်ခုန်လာ၏။ ဝေးလွင့် ဘဝခြားခဲ့ကြပြီးဖြစ်သည့် အင်ကြင်းနှင့် နှင်းဆီတို့အား ဆွတ်ကျင် သတိရ လွမ်းမိသည်။ သရဖီအား ပြုံးပြမိသည်။

'ကထိကကြီး မင်္ဂလာပါ။ ထုံးစံအတိုင်း ဖန်စိမ့်ဝမ်းနဲ့ဆင်ဆင် တစ်ပွဲပဲပေါ့'

'ရရခုက စ,ပြီး ပကာသနတွေ ခွာချထား ကြေးပေါ့နော်၊ ရရ ခုထိ ဒီဖန်တွတ်လက်ဖက်ရည်တွေ ထမင်းလွတ်သောက် နေတုန်းပဲလား။ ဆေးလိပ်လည်း နည်းနည်းလေးမှ မလျှော့သေးဘူးပေါ့ဟုတ်လား။ မမအင်ကြင်းနဲ့ မမနှင်းဆီတို့ ရှိခဲ့ကြတုန်းက ခဏခဏ ညည်းပြခဲ့ကြသလို ပြောမရ ဆိုမရ ကိုရရ…။ ချိုမရ ချဉ်မရ… ကိုရရ…ဟုတ်လား ကိုရရရေ။ စေတနာနဲ့‥ ဘယ်သူတွေက ဘယ်လိုပြောပြော အချိုးမပြောင်းတဲ့ ရရ ပြောမိသူပဲ မောရတာ သရဖီကိုက အမှတ်သည်းခြေနည်းပြီး လျှာရှည်မိပြန်ပြီလေ…။ ကြိုက်တာသာမှာပါ ရရ'

သရဖီသည် ပြောလျက် လျှာတစ်လစ်ကလေး ကိုက်ပြ၏။ ဇက်ကလေး ပုပြ၏။ မျက်လွှာလေး ချထား၏။ စားပွဲစောင်းအား လက်သည်းနှင့် ဖွဖွကုတ်ခြစ်နေ၏။

ခပ်လှမ်းလှမ်းရှိ စားပွဲထိုးလေးအား…

'ဖန်စိမ့်ဝမ်း၊ ဆင်ဆင်တစ်ပွဲ၊ ဆင်ဆင်ကုန်ရင် ကြောင်နက် ဆွဲခဲ့ဟေ့'ဟု ကျွန်တော် လှမ်းမှာလိုက်သည်။

သရဖီသည် မျက်လွှာလေး ချမြဲချလျက် စားပွဲစောင်းအား လက်သည်းနှင့် ဖွဖွကုတ်ခြစ်မြဲ ခြစ်လျက်နှင့် ရေငုံနှုတ်ပိတ်နေသည်။

'သရဖီ‥ရရကို တွေ့ချင်ရုံသက်သက်ပဲပေါ့၊ ဘာမှကို မပြောတော့ဘူးလား… ဒါဆို ခဏနေ ရရ ထပြန်တော့မယ်နော်'

(ဆက်လက်ဖော်ပြပါမည်။)

## ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စိတ်ဓာတ်နှင့် နည်းနာစာအုပ် စာဖတ်ဝိုင်းကျင်းပ

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း တို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟို ဌာနတွင် ဖေမြင့် ရေးသားသည့် 'စိတ်ဓာတ်နှင့် နည်းနာ' စာအုပ် စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင် ထွေးက ကျောင်းသား၊ ကျောင်းသူ များအတွက် စာပေဖတ်ရှုလေ့လာ ရာတွင် ရရှိမည့် အကျိုးကျေးဇူး များ၊ ဗလငါးတန်ပြည့်စုံရေး၊ သုတ၊ ရသ စာအုပ်၊ စာစောင် များကို ဖတ်ရှုစေလိုကြောင်း ပြောကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ကျောက်ဆည် မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ် နိုးသူများအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို(သီတဂူ-ကျောက်ဆည်) က ဖေမြင့်ရေးသားသည့် 'စိတ် ဓာတ်နှင့်နည်းနာ' စာအုပ်မှ ကိုယ့် ခရီးလမ်း ဖြောင့်တန်းအောင်၊ ရဲရဲတင်းတင်းသာလုပ်ပါ၊ လူငယ် နှင့် တိုးတက်ကြီးပွားရေး၊ တိကျ သေချာဖို့လိုသည်၊ အောင်မြင်မှု အတွက် အဓိကသော့ချက်၊ အောင် မြင်ရေးပညာရှင်တို့၏ လက်စွဲ နည်းနာများ စသည့်အကြောင်း အရာများကို ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး



## လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မူဆယ် ဇွန် ၂၉**

မူဆယ်မြို့နယ် စည်ပင် သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်း များဖြစ်သည့် ကွန်ကရစ်လမ်း ငါးခု၊ တံတားသုံးစင်း၊ လမ်း ပေါက်ဖာခြင်းလုပ်ငန်း တစ်ခု၊ အခြားလုပ်ငန်း ငါးခု၊ စုစုပေါင်း လုပ်ငန်း ၁၅ ခုအား မြို့ပေါ် ရပ်ကွက် (၉)ရပ်ကွက်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများထဲမှ ပထမ သုံးလပတ်တွင် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်း ခြောက်ခု အနက် ကောင်းမူးတုံရပ်ကွက်၊ ငွေဆင်လမ်း(ထူးရှယ်လမ်းဆုံ) Slab Culvert တစ်စင်း တည် ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် နေမှုအခြေအနေများကို မူဆယ် မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးမြင့်ကျော်သူ တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တမူး ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေ ပြုဗဟိုဌာနတွင် ယမန်နေ့နံနက် ၁၁ နာရီက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ် သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် များ၊ ဥပဒေပါ ကလေးအလုပ် သမားဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံး ပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မ အလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ် ဖော်ပြချက်များ၊ ကလေးအလုပ် သမားဖြစ်ပေါ်စေသည့် အကြောင်း အရာများ၊ ကလေးအလုပ်သမား အဖြစ် ခိုင်းစေမှုများ လျှော့နည်း ပပျောက်စေရန် အကောင်အထည် ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေ အရ တရားဝင်အလုပ် လုပ်ကိုင်ခွင့် ရှိသည့် ကလေးအလုပ်သမားများ အား ဥပဒေနှင့်အညီ ထိရောက် စွာ အကာအကွယ်ပေးရန်အချက် များ စသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာ ကြသည့် ကျောင်းသား၊ ကျောင်း သူများ၊ ကျောင်းသားမိဘများမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင် များကို စိတ်ဝင်တစား လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူထုအားထားရာ မန္တလေးမြို့တော်စည်ပင်သာယာ

\- - - - - - - - - - -

* စည်ပင်သာယာ၊ ပြည်ရွာအကျိုးတွေ
ဌာနခွဲများ၊ ဖွဲ့ထားကာလေ
မြို့ရွာအလှ၊ လျှမ်းပစည်ဝေ
ခေတ်မီဖွံ့ဖြိုး၊ ဆင့်ပိုးသယ်နေ
ထမ်းရွက်ဆောင်ပြု၊ ပေါင်းစုဂုဏ်ဝေ
မြို့ပြနန်း၊ ခေါင်လျှမ်းကမ္ဘည်းပေ ။

* မြို့တော်ဂုဏ်ဝင့်၊ စံတင့်ဝေစည်
ခေတ်မီသန့်ရှင်း၊ ဆောင်ကြဉ်းပေးသည်
စိမ်းလန်းလှပ၊ မြို့ပြဂုဏ်ရည်
ဥယျာဉ်၊ ကျောင်း၊ ဈေး၊ မနေးဆောက်တည်
လမ်းနှင့်တံတား၊ ဝင့်ကြွားစံမီ
အေးဖြာလန်း၊ တင့်ဆန်းကောင်းခြင်းမည် ။

* ဝန်ထမ်းအများ၊ စိတ်ထားသန့်စင်
ရွက်ဆောင်ပျော်မြူး၊ ကြည်နူးလှိုင်ရှင်
ဉာဏ်ရည်ထက်မြက်၊ ထမ်းရွက်နေ့စဉ်
မန္တလေးမြို့၊ လာဖို့ခေါ်ချင်
ကျုံးရေကြည်သန့်၊ ပြည်နန်းဂုဏ်ဆင်
နန်းမြို့ပြ၊ မြင်ရ အမျိုးဂုဏ်အင် ။

* မြန်ပြည်တစ်ဝှမ်း၊ တင့်ဆန်းဂုဏ်ဖြာ
သန့်ရှင်းသပ်ရပ်၊ မြို့မြတ်မဟာ
ခေတ်မီဖွံ့ဖြိုး၊ ဆင့်တိုးဆောင်ရာ
မလပ်နေ့စဉ်၊ ပြုပြင်လျက်ပါ
လူထုအများ၊ အားထားမှန်စွာ
မန္တလေး၊ ငြိမ်းအေးစည်သာယာ ။ ။

**မင်းမြတ်မိုး(မန်းမြေ)**




## ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာကာ စိုးရိမ်ရေမှတ်ရောက်ရှိရန် ငါးပေခန့်အလိုတွင်ရှိနေ

**ညောင်ဦး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ၏ ယမန်နေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ဧရာဝတီ မြစ်ရေမှတ်သည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာ သို့ရောက်ရှိရန် ၁၆၉ စင်တီမီတာ ခန့်လိုကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်ခင်လှနုထွေးထံမှ သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ၏ ဇွန် ၂၈ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ် ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက်သာ ရောက် ရှိနေသေးပြီး ၂၁၂၀ စင်တီမီတာ ရောက်ရှိရန် ၁၅၂ စင်တီမီတာလို ကြောင်း၊ ဇွန် ၂၈ ရက် ဧရာဝတီ မြစ်ရေ တိုင်းထွာချက်အရ ၁၉၆၈ စင်တီမီတာရှိနေကာ တဖြည်း ဖြည်း တက်လာနေကြောင်း၊ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် အခြေအနေများအား ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ နေ့စဉ် မြစ်ရေ ကြီးမှုအခြေအနေအား မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ နှင့် ပူးပေါင်းကာ သတင်းထုတ် ပြန်ပေးလျက်ရှိကြောင်း ညောင်ဦး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ရည်မွန်သူထံမှ သိရ ကာ ညောင်ဦးမြို့တွင် ဧရာဝတီ မြစ်ရေ တိုင်းတာခြင်းများအား တစ်ရက်လျှင်သုံးကြိမ် တိုင်းတာ ကြောင်း၊ စိုးရိမ်ရေမှတ် ရောက် ရှိရန် နီးကပ်လာပါက ဧရာဝတီ မြစ်ရေကြီးမှု သတိပေးချက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြား မှုဦးစီးဌာန ရုံးတာဝန်ရှိသူများ ထံမှ သိရသည်။ **(ဇစ)**

## အမေရိကန်၏ တိုက်ခိုက်မှုကြောင့် အီရန်နျူကလီးယားစက်ရုံများ လုံးဝပျက်စီးခြင်းမရှိ၊ လပိုင်းအတွင်း ယူရေနီယံသန့်စင်မှုကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်

**တီဟီရန် ဇွန် ၂၉**



အမေရိကန်၏တိုက်ခိုက်မှုကြောင့် အီရန်နျူကလီးယားစက်ရုံများ လုံးဝပျက်စီးခြင်းမရှိကြောင်းနှင့် လပိုင်းအတွင်း ယူရေနီယံသန့်စင်မှုကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲက ပြောကြားသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖာရယ်မာရီယာနိုဂရိုစီက စီဘီအက်စ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ၎င်း၏တိုက်ခိုက်မှုတွင် အီရန်နျူကလီးယားစက်ရုံများကို ချေမှုန်းပစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ပဏာမထောက်လှမ်းရေးအကဲဖြတ်မှုအရ အီရန်နျူကလီးယားအစီအစဉ်ကို လအနည်းငယ်သာ နောက်ဆုတ်ရဖွယ်ရှိကြောင်း အမေရိကန်မီဒီယာအများအပြားက သတင်းဖော်ပြသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် အီရန်တွင် စစ်ရေးအကဲဖြတ်မှုတစ်စုံတစ်ရာမပြုလုပ်ရသေးကြောင်းနှင့် ဆိုးရွားစွာ ပျက်စီးသွားသည်မှာ ရှင်းရှင်းလင်းလင်းရှိသော်လည်း ၎င်းမှာ လုံးဝပျက်စီးခြင်းမဟုတ်ဟု ညွှန်ကြားရေးမှူးချုပ် ရာဖာရယ်မာရီယာနိုဂရိုစီက ပြောကြားသည်။

ထို့ပြင် အီရန်တွင် စက်မှုနှင့် နည်းပညာဆိုင်ရာစွမ်းဆောင်ရည်များရှိကြောင်း ၎င်းက ထောက်ပြခဲ့ပြီး အီရန်နိုင်ငံအနေဖြင့် လအနည်းငယ်အတွင်း သန့်စင်သော ယူရေနီယံများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇွန် ၂၅ ရက်တွင် အီရန်ပါလီမန်က နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆိုင်းငံ့ထားရန် အစိုးရအား တောင်းဆိုမည့်အစီအစဉ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား–အင်န်အီတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**



## ပနားမားမှလာသော ကုန်တင်သင်္ဘောတစ်စင်းပေါ်မှ ဒေါ်လာ ၁၃၂ သန်းတန် ကိုကင်းမှုန့်များ သိမ်းဆည်းရမိ

**လန်ဒန် ဇွန် ၂၉**

ဗြိတိန်နိုင်ငံနယ်စပ်အာဏာပိုင်များသည် ပနားမားမှလာသော သင်္ဘော တစ်စင်းပေါ်မှ ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၁၃၂ သန်းတန် ကိုကင်းမှုန့်များကို ယမန်နေ့ကသိမ်းဆည်းရမိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လန်ဒန်မြို့တော်အနီးရှိ လန်ဒန်ဂိတ်ဝေး ဆိပ်ကမ်းတွင် သိမ်းဆည်းခဲ့သော ကိုကင်းမှုန့် ၂ ဒသမ ၄ တန်သည်သိမ်းဆည်းမှုများ အနက်အကြီးမားဆုံးတစ်ခု ဖြစ်ကြောင်း အဆိုပါ နယ်စပ်အာဏာပိုင်များထဲမှ ရေကြောင်းဌာနညွှန်ကြားရေးမှူး ချာလီအစ်စတောက်က ထုတ်ဖော်ပြောကြားသည်။

ပနားမားမှလာသော ထိုသင်္ဘောပေါ်ရှိ ကုန်များအောက်တွင် တွေ့ရှိခဲ့သည့် အဆိုပါကိုကင်းမှုန့်များသည် မှတ်တမ်းတင်ထားသည့် ဆဋ္ဌမမြောက်အကြီး ဆုံးသိမ်းဆည်းမှုဖြစ်ကြောင်း ယူကေပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုသည်။

အမျိုးသားရာဇဝတ်နှိမ်နင်းရေးအဖွဲ့၏ အဆိုအရဗြိတိန်နိုင်ငံသည် ဥရောပတွင် ကိုကင်း ဈေးကွက်အကြီးဆုံးတစ်ခုဖြစ်သည်။ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်ကြား အင်္ဂလန်နှင့် ဝေလတွင် ကိုကင်းနှင့်ဆက်စပ်သော သေဆုံးမှုများ ၃၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်အတွင်း မိုးသည်းထန်စွာ ထပ်မံရွာသွန်း၊ ရန်ကျန်းမြို့ ဒုတိယအကြိမ် ရေမြုပ်

**ပေကျင်း ဇွန် ၂၉**

တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်အတွင်း ဇွန် ၂၉ရက်က မိုးသည်းထန်စွာထပ်မံရွာသွန်းခဲ့ပြီး ယခင်ကတည်းက ရေကြီးနေသော မြစ်ကမ်းခြေမြို့ဖြစ်သည့် ရန်ကျန်းမြို့ကို ဒုတိယအကြိမ် ရေနစ်မြုပ်စေကာ နေထိုင်သူများအား မြေမြင့်ပိုင်းသို့ ရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

မြစ်သုံးစင်းပေါင်းဆုံရာတွင် တည်ရှိပြီး လူဦးရေ ၃၀၀၀၀၀ နေထိုင်သော ရန်ကျန်းမြို့၌ ယခင်အပတ်က ၇၂ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်သည် ဇွန်လအတွက် ပျမ်းမျှထက် နှစ်ဆပိုများကာ စံချိန်တင်ရေကြီးမှုကြောင့် လူခြောက်ဦးသေဆုံးပြီး လူပေါင်း ၈၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်။

ယင်းထပ်မံရေကြီးမှုကို တုံ့ပြန်သည့်အနေဖြင့် အာဏာပိုင်များက တနင်္ဂနွေနေ့တွင် မြို့၏ ရေဘေးအရေးပေါ်တုံ့ပြန်မှုအဆင့်ကို အမြင့်ဆုံးသို့ မြှင့်တင်ခဲ့ကြောင်း သိရသည်။

**Mon**

STOP
AIDS

INTERNATIONAL
NEWS
နိုင်ငံတကာသတင်းများ

## မြောက်ကမ္ဘာခြမ်း နွေရာသီ၏ ပထမဆုံးအပူလှိုင်းကို ရင်ဆိုင်ရန် ဥရောပသားများ အသင့်ပြင်ဆင်ထားကြရသည်ဟု ဆို



**ရောမ ဇွန် ၂၉**

ဥရောပသားများသည် မြောက်ကမ္ဘာခြမ်းနွေရာသီ၏ ပထမဆုံးအပူလှိုင်းကို ရင်ဆိုင်ရန်အသင့်ပြင် ဆင်ထားကြရပြီး ရာသီဥတု ပြောင်းလဲမှုက ကမ္ဘာ့အမြန်ဆုံးပူနွေးလာသော ဥရောပတိုက်တစ်ဝန်းရှိ အပူချိန်များကို ပိုမိုမြင့်တက်စေလျက်ရှိ ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီတလီမြို့တော် ရောမတွင် ဇွန်၂၈ရက်က အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်(၉၉ ဒီဂရီဖာရင်ဟိုက်)အထိ မြင့်တက်မည်ဟု ခန့်မှန်းရသောကြောင့် ခရီးသွားဧည့်သည်များနှင့် ဗာတီကန်သို့ ဘုရားဖူးလာကြသော ကက်သလစ်ဘာသာဝင်များသည် ရောမမြို့တော်၏ ရေပန်း ၂၅၀၀ ခန့်တွင် အနားယူရန် စုဝေးနေခဲ့ကြရသည်။

ပြင်သစ်နိုင်ငံတွင် တောင်ပိုင်းဆိပ်ကမ်းမြို့ မာဆေးမြို့၏ အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်) အထိမြင့်တက်မည်ဟု ခန့်မှန်းရသဖြင့် အစိုးရက မြို့သူမြို့သားများ မြေထဲပင်လယ်အပူဒဏ်ကို ခံနိုင်ရည်ရှိစေရန် အများပြည်သူသုံးရေကူးကန်များကို အခမဲ့ဖွင့်လှစ်ရန် အမိန့်ထုတ်ပြန်ထားသည်။

ပေါ်တူဂီနိုင်ငံ၏ သုံးပုံနှစ်ပုံသည် တနင်္ဂနွေနေ့တွင် အပူချိန်အလွန်မြင့်မားမှုနှင့် သစ်တောမီးလောင်မှုအတွက် အရေးပေါ်အခြေအနေဖြစ်မည်ဟု သတိပေးခဲ့ပြီး မြို့တော် လစ္စဘွန်းမြို့တော်တွင် ၄၂ ဒီဂရီစင်တီဂရိတ်(၁၀၈ ဒီဂရီဖာရင်ဟိုက်)အထိရှိမည်ဟု ခန့်မှန်းသည်။

ထိုအတောအတွင်း ဗင်းနစ်မြို့တွင် အမေဇုန် သန်းကြွယ်သူဌေးဂျက်ဖ်ဘီဇော့စ်၏ ကျင်းပသော မင်္ဂလာအခမ်းအနားသို့ လာရောက်ကြသူများနှင့် ဆန္ဒပြသူများသည်လည်းနွေနေပူအောက်တွင် အပူဒဏ် ခံစားခဲ့ရကြောင်း သိရသည်။

**Mon**

## ဂူဂျာရတ်ပြည်နယ် သစ်တောဌာန ခြင်္သေ့အကောင်ရေစာရင်း ထုတ်ပြန် အိန္ဒိယနိုင်ငံတွင် ခြင်္သေ့ကောင်ရေ ၃၂ ရာခိုင်နှုန်း တိုးလာပြီး ၈၉၁ ကောင်ရှိလာ

**ဒေလီ ဇွန် ၂၉**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ သစ်တောဌာနက ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ခြင်္သေ့ကောင်ရေစာရင်းကို ယမန်နေ့ကထုတ်ပြန်ခဲ့ရာ ထိုစာရင်းအရ ယင်း ပြည်နယ်တစ်ခုတည်းတွင်ရှိသော ခြင်္သေ့အကောင်ရေသည် လွန်ခဲ့သော ငါးနှစ်အတွင်း ၃၂ ရာခိုင်နှုန်း တိုးလာကာ ၈၉၁ ကောင်အထိ ရှိလာကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယ၏ ခြင်္သေ့ထိန်းသိမ်းရေးလုပ်ငန်းများသည် ဂူဂျာရတ်ပြည်နယ်ရှိ ဂီသစ်တောနှင့် ပတ်ဝန်းကျင်ဒေသများကို အဓိကထားလုပ်ဆောင်လျက်ရှိပြီး ၁၉၆၅ ခုနှစ်တွင် ဂီအမျိုးသား ဥယျာဉ်နှင့် ဘေးမဲ့တောကို စတင်တည်ထောင်ခဲ့သည်။ ယခုအခါခြင်္သေ့များသည် ဂီဒေသအပြင်ဘက်တွင်လည်း ပျံ့နှံ့နေပြီး ဂူဂျာရတ်ပြည်နယ်ရှိ ခရိုင် ၁၁ ခုတွင်လည်း တွေ့ရှိရသည်။

သို့သော် ဤကြိမ်စာရင်းတွင် ဂီဒေသအခြေစိုက် ခြင်္သေ့ကောင်ရေ (၃၉၄ ကောင်)ဂီဒေသအပြင်ရှိ ဂြိုဟ်တုအခြေစိုက်နေရာ ကိုးခုတွင် ခြင်္သေ့ကောင်ရေ (၄၉၇ ကောင်) ပိုမိုများပြားနေသည်ကို ပထမဆုံးအကြိမ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဂီဒေသအနီးရှိ ဘာဒါဘေးမဲ့တော၊ ဂျက်ပူမြို့အနီးနှင့် ဘာဘရာ၊ ဂျက်စဒန်မြို့အနီးရှိ နယ်မြေများပါဝင်ပြီး အားလုံးသည် ဂူဂျာရတ်ပြည်နယ်တွင်တည် ရှိသည်။

ခြင်္သေ့ကောင်ရေစာရင်းအစီရင်ခံစာတွင် ဘာဒါဘေးမဲ့တောကို ဂူဂျာရတ်ပြည်နယ်ရှိ ခြင်္သေ့များ၏ 'ဒုတိယအိမ်'အဖြစ် သတ်မှတ်ထားပြီး ပြည်နယ်နှင့် ဗဟိုအစိုးရတို့၏ ရပ်တည်ချက်နှင့်လည်း ကိုက်ညီသည်။

ထို့ပြင် ဘာဒါဘေးမဲ့တောကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခြင်္သေ့ကောင်ရေပိုမိုတိုးပွားစေရန် စီမံဆောင်ရွက်ထားရန် ထောက်ခံထားရာ ၂၀၂၃ခုနှစ် မတ်လတွင် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီအစိုးရက ကြေညာခဲ့သောရူပီး၂၉၂၇၇ သန်း(ဒေါ်လာ ၃၄၁ သန်း)ခြင်္သေ့ထိန်းသိမ်းရေးအစီအစဉ် တစ်ခုလည်းပါဝင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ဂြိုဟ်ခွင်တွေအရ ဒါလောက်နဲ့ပဲ လျှင်က ရပ်သွားတယ်လို့ထင်

မောင်လောက


ဖြစ်ပြန် ပျက်ပြန်လောကခံဟု ဆိုရမည်ထင်၏။ အဘိုးတို့၏ စကားဝိုင်းသည် သုဓမ္မာဇရပ်ရိပ်တွင် မရှိတော့။ ရွှေ့လျားသွားပြီ ဖြစ်၏။ သုဓမ္မာဇရပ်မှ မနီးမဝေး ခရေပင်ရိပ်အောက်သို့ ရောက်သွားပြီ ဖြစ်၏။ အဘိုးတို့သည် ခရေပင်ခြေရင်း မြေပြင်ပေါ်တွင် ဝိုင်းဖွဲ့နေကြ၏။ ခရေပင်အပေါ်၌ကား ငှက်မျိုးစုံတို့သည် သံကုန်ဟစ်ကာ မြူးတူးပျော်ပါး ပျံသန်းနားခိုနေကြ၏။ တစ်ခါတစ်ရံ အဘိုးတို့၏ စကားဝိုင်းပေါ်သို့ မစင်များပင် စွန့်ပစ်လိုက်ကြသေး၏။ အဘိုးတို့၏စကားဝိုင်းကလည်း ငှက်ပေါင်းစုံတို့၏ အသံများနှင့်အတူ စကားသံများ ဆူညံနေ၏။

'ဂြိုဟ်တွေ ချိန်ခွင်ထဲရောက်သွားရင် ကမ္ဘာမြေကြီး ပြောင်းပြန်လှန်သွားတတ်တယ်လို့ ဆရာဘုန်းကြီး ဦးဒါရိုပ်က ပြောခဲ့တယ်။ ဒါကို ကိုကြီးဖိုးမှိုင်း မှတ်မိတယ် မဟုတ်လား'


'မှတ်မိပါ့ ကိုကြီးစိန်ခိုရာ။ ကောင်းကင်ဂြိုဟ်ကြီးရှစ်လုံးတို့ဟာ ဂြိုဟ်ခွင်လို့ခေါ်တဲ့ အိမ်ကြီး ၁၂အိမ်တို့မှာ လှည့်လည်သွားလာနေကြတယ်။ ပထမဆုံးဖြစ်တဲ့ အပေါ်ဆုံးက ထိပ်ဆုံးကအိမ်ကိုတော့ မိဿအိမ်၊ ၁၂ ရာသီအိမ်၊ သုညအိမ်လို့ ဆရာဘုန်းကြီးက ပြောခဲ့တယ်မဟုတ်လား ကိုကြီးချမ်းအေးရဲ့'

'အဲ့ဒီ အိမ် ၁၂အိမ်ကို လှည့်ပြီး ရေတွက်တဲ့အခါ 'လက်ယာသဝေထိုး၊ လက်ဝဲကိုး' ဆိုတဲ့အတိုင်း လက်ဝဲရစ် မြန်မာကိုးဂဏန်းရေးသလို ရေတွက်ရမယ်လို့ ဆရာဘုန်းကြီးက ဆိုခဲ့တယ် မဟုတ်လား။ ဒါကို ကိုကြီးပိန်ကပဲ ရေတွက်ပြစမ်းပါ'

'ဒီလိုလေ ကိုကြီးကြောင်ရဲ့ ထိပ်ဆုံးက မိဿအိမ်ကစပြီး လက်ဝဲရစ် ရေတွက်လိုက်မယ်ဆိုရင် ပြိဿ၊ မေထုန်၊ ကြင့်၊ စာနဲ့ရေးတယ်။ အသံထွက်ဖတ်တော့ ကရကတ်လို့ အသံရတယ်။ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်လို့ အိမ် ၁၂ အိမ်လို့ တွေ့ရမယ်။ ဒီပုံလေးကိုကြည့်ရင် ပိုရှင်းမယ်ဗျာ။'




'အဲ့ဒီ ၁၂ ရာသီခွင်လို့ပြောတဲ့ ၁၂ အိမ်ကိုဘဲ တစ်မျိုးခေါ်ကြသေးတယ်။ တစ်ရာသီ၊ နှစ်ရာသီ၊ သုံးရာသီ၊ လေးရာသီ၊ ငါးရာသီ၊ ခြောက်ရာသီ၊ ခုနစ်ရာသီ၊ ရှစ်ရာသီ၊ ကိုးရာသီ၊ ဆယ်ရာသီ၊ တစ်ဆယ့်တစ်ရာသီ၊ တစ်ဆယ့်နှစ်ရာသီ (သုညရာသီ)လို့လည်း ခေါ်ကြတယ်။ ဒီပုံလေးကိုကြည့်ဗျာ'




'ကဲ ကိုကြီး ဖိုးမှိုင်းရေ။ ဂြိုဟ်တွေ ချိန်ခွင်ထဲရောက်သွားပုံ လင်းစမ်းပါဦးလေ'

'ဂြိုဟ်တွေ ချိန်ခွင်ထဲရောက်သွားပုံ။ ပိုပြီးလင်းသွားအောင် ဟောဒီ အိမ် ၁၂ အိမ်လို့ခေါ်တဲ့ ၁၂ ရာသီခွင်ကို အရင်ပြမယ်ဗျာ။ အဲ့ဒီ ဂြိုဟ်နေဂြိုဟ်ထိုင်ကတော့ နှစ်စပိုင်းကတည်းက ခင်ဗျားတို့ ကျုပ်တို့ သုဓမ္မာဇရပ်ထဲမှာ ပြောခဲ့ ဆိုခဲ့ ငြင်းခဲ့ ခုန်ခဲ့ကြတဲ့ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတဲ့ နိဂုံးမှာအဆုံးသတ်တော့ သာသနာ့နယ်မြေ ရေသောက်မြစ်ဖြစ်တဲ့ မန္တလေး၊ စစ်ကိုင်းနယ်မြေကြီးနှစ်ခုမှာ ရင်ဘတ်စည်တီး ငိုကြရမယ်ဆိုတဲ့နေ့ရဲ့ ရာသီခွင်ပဲပေါ့'

'မှတ်မိပြီ ကိုကြီး ကြွက်ချီးရေ။ ၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်တုန်းက သုဓမ္မာဇရပ်ထဲမှာ ကိုကြီးဖိုးမှိုင်းက ပြောခဲ့တာလေ။ သင်္ကြာရာဇ်ရဲ့ နောက်ဆုံးလရဲ့နောက်ဆုံးအချိန်ရဲ့ မွန်းလွဲပိုင်းဟာ သတိထားရမယ့်အချိန်ပဲ။ လူတွေရဲ့ စကားနဲ့ပြောရရင် 'တော်လဲတတ်တယ်' နေ့ဆိုရင် နေ့ ၁၁နာရီနဲ့ မွန်းလွဲ ၁ နာရီကြား၊ ညဆိုရင်လည်း ည ၁၁နာရီနဲ့ ညသန်းလွဲ ၁နာရီကြားမှာ အကြီးမားဆုံး 'တော်လဲတတ်တယ်' မြေကြီး တုန်ဟီးတတ်တယ်။ လူတွေသိအောင်ပြောရရင် ငလျင်အကြီးအကျယ် လှုပ်တတ်တယ်ပေါ့။ ဒါဟာ ဆရာဘုန်းကြီး ဦးဒါရိုပ်ရဲ့ ပြောစကားကို အမှီပြုပြီး ခင်ဗျားတို့ ကျုပ်တို့ ငြင်းခဲ့ ခုန်ခဲ့ကြတာပဲပေါ့။ ဟုတ်မဟုတ်၊ မှန်မမှန်တော့ ဘယ်သူကမှ ဝန်ခံခြင်း၊ ငြင်းဆိုခြင်း မပြုခဲ့ကြဘူးလေ။ ကိုင်း ... ကိုကြီး ဖိုးမှိုင်ရေ ဆက်ပါဦးဗျာ။'

'အင်း ..... ဆက်ဆိုလို့သာ ဆက်ရမယ်။ စိတ်ကတော့ လေးထင့်ထင့်ကြီးဘဲဗျာ ကိုကြီး ကြွက်ချီးရဲ့။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ရက်(လကွယ်နေ့) တပေါင်းလရဲ့ နောက်ဆုံးနိဂုံးချုပ်တဲ့ သောကြာနေ့ရဲ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀အချိန်၊ ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်ရဲ့ဂြိုဟ်တွေ ချိန်ခွင်ထဲရောက်သွားပုံကို ဟောဒီပုံလေးနဲ့ သက်သေပြမယ်ဗျာ။'



'၁၂ ရာသီဂြိုဟ် ၁၂ အိမ်ရဲ့ ပုံကိုကြည့်မယ်ဆိုရင် မိဿရာသီ မိဿအိမ် သုညရာသီ ၁၂ အိမ်ကို ချိန်ခွင်ရဲ့ ချိန်ခွင်ပေါင်လို့ ပြောရမယ်။ အဲ့ဒီ ချိန်ခွင်ပေါင်အလယ်မှာ ချိန်ခွင်လျှာရှိတယ်ဆိုတာလည်း မှတ်ထားကြရမယ်ဗျ။ ချိန်ခွင်ပေါင်ရဲ့ ဘယ်ဘက်မှာ ပြိဿအိမ် ၁ ရာသီနဲ့ မေထုန်အိမ် ၂ ရာသီတို့ ရှိကြတယ်။ အဲ့ဒီချိန်ပေါင်ရဲ့ ညာဘက်မှာတော့ မိန်အိမ် ၁၁ရာသီနှင့် ကုမ်အိမ် ၁၀ရာသီတို့ ရှိကြတယ်'

'ချိန်ခွင်ပေါင်ရဲ့ ဘယ်ဘက်မှာ ၂ အိမ်၊ ညာဘက်မှာ ၂ အိမ် ရှိတယ်ဆိုတာ ကိုကြီးပိန်တို့ သိလောက်ကြပြီပေါ့။'

'သိပါ့ ကိုကြီးဖိုးမှိုင်းရာ ဆက်စမ်းပါဦးဗျ။'

'ဟုတ်ပါ့ ကိုကြီးပိန်ရာ ဘယ်အိမ်မှာ ဘာဂြိုဟ်တွေရှိတယ်ဆိုတာ ရှင်းရပေဦးမယ်ပ။ ချိန်ခွင်ပေါင်ရဲ့ ဘယ်ဘက် ပြိဿအိမ် ချိန်ခွင်ခွက်ထဲမှာ ၅တေးလို့ရေးကြတဲ့ ကြာသပတေးဂြိုဟ်ရှိတယ်။ မေထုန်အိမ်မှာလို့ခေါ်တဲ့ ချိန်ခွင်ခွက်ထဲမှာ ၃ဂ်ါလို့ရေးကြတဲ့ အင်္ဂါနံနဲ့ လလို့ရေးကြတဲ့ လဂ် ဂြိုဟ်တို့ ရှိကြတယ်။'

'ချိန်ခွင်ပေါင်ရဲ့ ညာဘက်မှာရှိတဲ့ မိန်အိမ်လို့ခေါ်တဲ့ ၁၁ ရာသီချိန်ခွင်ခွက်နဲ့ ကုမ်အိမ်လို့ ခေါ်တဲ့ ၁၀ ရာသီချိန်ခွင်ခွက်တို့ ရှိကြတယ်။ အဲ့ဒီ ၁၁ ရာသီမိန်အိမ်မှာကတော့ ၁နွေလို့ခေါ်တဲ့ တနင်္ဂနွေဂြိုဟ်၊ ၂လ်ာလို့ခေါ်တဲ့ တနင်္လာဂြိုဟ်၊ ၄ဟူး လို့ခေါ်တဲ့ ဗုဒ္ဓဟူးဂြိုဟ်၊ ၈ လို့ခေါ်တဲ့ ရာဟုဂြိုဟ်တို့ ရှိကြတယ်။ ၁၀ ရာသီကုမ်အိမ်မှာကတော့ ၆ ကြာလို့ခေါ်တဲ့ သောကြာဂြိုဟ်၊ သုညလို့ခေါ်တဲ့ စနေဂြိုဟ်တို့ ရှိကြတယ်ပေါ့'

'နေပါဦး ကိုကြီးဖိုးမှိုင်းရဲ့ ဂြိုဟ်အိမ်က တစ်ဆယ့်နှစ်အိမ်ရှိပြီး ဘာဖြစ်လို့ ဂြိုဟ်တွေက တစ်ဖက်သတ် ဂြိုဟ်အိမ်လေးအိမ်ထဲမှာစုပြီး နေကြတာလဲဗျ။ ဒါကိုလဲ သိချင်တယ်ဗျာ။'

'ကိုကြီးရာကူးမေးတဲ့ ဘာဖြစ်လို့ တစ်ဖက်သတ် လေးအိမ်ထဲမှာ ဂြိုဟ်တွေက စုနေကြတာလဲဆိုတဲ့ အမေးကိုတော့ ဆရာဘုန်းကြီး ဦးဒါရိုပ်က မပြောခဲ့ဘူးဗျ။ တစ်ခုတော့ ပြောနိုင်တယ်။ ဆရာဘုန်းကြီးက ပြတ်ပြတ်သားသားကို ပြောခဲ့တာလေ။ သေချာမှတ်ထားကြ တပည့်တို့တဲ့။ လူတွေရဲ့ ဒုစရိုက်တွေ ထူပြောလာတဲ့အခါမှာ ဂြိုဟ်တွေက နိမိတ်လက္ခဏာတွေ ပြကြလိမ့်မယ်။ အိမ် ၁၂ အိမ်ရှိပေမယ့် ၁၂အိမ်လုံး ဖြန့်ကြက်ပြီး မနေထိုင်ကြတော့ဘူး။ တစ်ဖက်သတ်အိမ်တွေမှာပဲ နေကြလိမ့်မယ်။ တစ်ချိန်မှာတော့ အိမ်တစ်အိမ်ကို အလွတ်ထားပြီး အလယ်ခေါင်မှာ နေစေလိမ့်မယ်။ အဲ့ဒီ အလွတ်အိမ်ရဲ့ တစ်ဖက်စီမှာ တစ်အိမ်ထဲဖြစ်စေ နှစ်အိမ်ဖြစ်စေ အုပ်စုဖွဲ့ပြီးနေကြလိမ့်မယ်။ အဲ့ဒီအခါမှာ မဟာပထဝီမြေကြီးဟာ တစ်ဖက်နဲ့တစ်ဖက် နိမ့်လိုက်၊ မြင့်လိုက် ဖြစ်လာလိမ့်မယ်။ ဂြိုဟ်တွေများတဲ့ဘက်က ပိုနိမ့်သွားပြီး ဂြိုဟ်နည်းတဲ့ဘက်က မြင့်တက်လာပြီး ကမ္ဘာမြေကြီးဟာ စောင်းထောင်သွားလိမ့်မယ်။ တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်ဆိုတဲ့ လူမိုက်ကြီးလေးယောက်တို့ တစ်ဖက်သတ်ချိန်ခွင်ခွက်ထဲမှာ နေပြီဆိုရင်တော့ တပည့်တို့ရေ ဘာမှ စဉ်းစားမနေကြတော့နဲ့ ငိုဖို့သာပြင်ကြပေတော့လို့ ဆရာဘုန်းကြီးက ပြောခဲ့တယ်လေ။'

'ကိုကြီးဖိုးမှိုင်းပြောတဲ့ လူလေးယောက်ထဲက သုံးယောက်ကတော့ တစ်ဖက်မှာနေပြီး အင်္ဂါဆိုတဲ့ လူတစ်ယောက်ကခွဲပြီး တစ်ဖက်မှာ နေနေလို့ သင်္ကြာရာဇ်ရဲ့နိဂုံး လရဲ့နိဂုံး ရက်ရဲ့နိဂုံး အချိန်ရဲ့နိဂုံးမှာ ကမ္ဘာကြီးတုန်လှုပ်သွားခဲ့တဲ့ ငလျင်ဟာ တော်သေးတယ်လို့ ဆိုရမယ်ထင်တယ်။ ကြာသပတေး လူလိမ္မာရှိနေလို့ ဒါလောက်နဲ့ပဲ ငလျင်က ရပ်သွားတယ်လို့ ထင်တာပဲ။'

အဘိုးတို့၏ စကားသံများသည် ရပ်သွား၏။ ခရေပင်ပေါ်က ငှက်တို့၏အသံတို့လည်း နည်းသွားပြီ ဖြစ်၏။ နေမင်းကြီးကလည်း စစ်ကိုင်းမင်းဝံ၊ မင်းကွန်းတောင်တန်းကြီးပေါ် မေးတင်နေ၏။ အဘိုးတို့လည်း မိမိတို့၏ဂေဟာအသီးသီးသို့ ကြွလှမ်းကြတော့မည် ဖြစ်၏။

## မိုးရာသီမှာတောင်သူဦးကြီးများ လယ်တောထဲတွင် ဘေးကင်းလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များ



မိုးရာသီတောင်သူကြီးများ လယ်ယာထဲသွားသည့်အခါ ဘေးကင်းလုံခြုံရေးအတွက် ဂရုစိုက်လိုက်နာရမည့် အချက်များမှာ-

၁။ ရေစိုခံပြီးချော်လဲခြင်းမှ ကာကွယ်ပေးနိုင်သော ရော်ဘာဖိနပ် (သို့မဟုတ်)ဘွတ်ဖိနပ်ကို ဝတ်ဆင်ပါ။ ခန္ဓာကိုယ်ခြောက်သွေ့နွေးထွေးစေရန် မိုးကာအကျီ၊ ဘောင်းဘီဝတ်ဆင်ပါ။ ခေါင်းနှင့် မျက်နှာကိုကာကွယ်ရန် ရေစိုခံဦးထုပ်ဆောင်းပါ။

၂။ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများ၊ ရေမော်တာများ၊ လျှပ်စစ်ပန့်များမသုံးမီ ဝါယာကြိုးများ၊ ပလပ်ခေါင်းများ ပျက်စီးနေခြင်း ရှိမရှိ စစ်ဆေးပါ။စိုစွတ်နေချိန်တွင် လျှပ်စစ်ပစ္စည်းကိုင်တွယ်ခြင်းကို တတ်နိုင်သမျှရှောင်ပါ။

၃။ မိုးကြိုးပစ်နိုင်ခြေရှိသည့်အခါ သစ်ပင်ကြီးများအောက် (သို့မဟုတ်) သတ္တုပစ္စည်းများအနီးတွင် ခိုလှုံခြင်းကိုရှောင်ကြဉ်ပါ။ လုံခြုံသော အဆောက်အအုံအတွင်း (သို့မဟုတ်)ကား၊ ထွန်းစက်ကဲ့သို့သော အမိုးအကာရှိသည့်နေရာတွင် ခိုလှုံပါ။

၄။လက်နှင့်ခြေထောက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ အရေပြားမှို့စွဲခြင်း၊ ပဲပေါက်ခြင်း စသည့် ရောဂါများမဖြစ်အောင် သတိထားပါ။

၅။ ရေဓာတ်မခန်းခြောက်စေရန် သန့်ရှင်းသော ရေသန့်ကို လုံလောက်စွာသောက်ပါ။ အိမ်၌ချက်ပြုတ်ထားသော သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုသာ စားသုံးပါ။

တောင်သူဦးကြီးများ မိုးရာသီမှာ ကျန်းမာစွာနှင့် ဘေးကင်း လုံခြုံစွာ လုပ်ငန်းခွင်ဝင်နိုင်ရန် အထက်ပါအချက်များကို လိုက်နာရင်း မိမိကိုယ်ကိုကာကွယ်ကြပါရန် အသိပေးလိုက်ပါသည်။

**အောင်မြင့်မြတ်**
**(စိုက်ပျိုးရေးသတင်းထောက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ကိုယ်ကာယအလှလေ့ကျင့်နေသော Song Kang

လက်ရှိ နာမည်ကြီး အနုပညာရှင်ဖြစ်နေသည့် ဆောင်ကန်ကို ကိုယ်ကာယအလှလေ့ကျင့်နေရာတွင် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ၊ ဂျောင်ဂုတို့နှင့်အတူ မြင်တွေ့ခဲ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုယ်ကာယအလှလေ့ကျင့်ရေးနည်းပြ ချိုင်ဟန်ဂျင်းက ဆောင်ကန်နှင့်အတူ ဘီတီအက်စ်အဖွဲ့ဝင် ဗွီ၊ ဂျောင်ဂုတို့ ကိုယ်ခန္ဓာလှလေ့ကျင့်နေပုံများ တင်ထားပေးရာ တောင့်တင်းသန်မာသော ကိုယ်ခန္ဓာများကြောင့် ပရိသတ် အားကျနေကြသည်။



ဆောင်ကန်တို့ သုံးဦး၏ ကိုယ်ကာယအလှလေ့ကျင့်နေကြပုံတွင် ကြီးမားသော ကြွက်သားများနှင့် လှပသော ခန္ဓာကိုယ်ကို ဖော်ထုတ်ပြသထားကြရာ သင်တန်းကာလ နားရက်ရသော ကေပေါ့ပ်နှစ်ဦး၏ ပုံများပါလာ၍ ပရိသတ်စိတ်ဝင်တစား ဖြစ်ခဲ့ကြသည်။

(SKY)

*-*-*-*-*-*-*



## ယခုအချိန်ထိ သိပ္ပံနယ်ပယ်၌ မှတ်တမ်းတင်ထားခြင်းမရှိသော သတ္တုသုံးမျိုးကို အမေရိကန်ဘူမိဗေဒပညာရှင်များ ရှာဖွေတွေ့ရှိ

အမေရိကန်ပြည်ထောင်စု၊ နယူးမက္ကဆီကိုပြည်နယ်၊ လူနာစီရင်စုနယ်ရှိ ကူးကက်စ်တောင်ကုန်းတစ်နေရာတွင် ယခုအချိန်ထိ သိပ္ပံနယ်ပယ်၌ မှတ်တမ်းတင်ထားခြင်းမရှိသော သတ္တုသုံးမျိုးကို ဘူမိဗေဒပညာရှင်များ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည်။

ရှားပါးသော ထိုသတ္တုအသစ်သုံးမျိုးမှာ ရေဒေမာကိုက်၊ ဗာဂျီလူသိုက်နှင့် စတူနော်သရိုပိုက်တို့ ဖြစ်သည်။ ရေဒေမာကိုက်သည် တစ်မီလီမီတာသာ ရှည်သော်လည်း ကွေးညွတ်နိုင်သော ဂုဏ်သတ္တိရှိသည်။ ဗာဂျီလူသိုက်သည် စိမ်းဝါရောင်ရှိပြီး ပုံဆောင်ခဲများကို ဖုံးလွှမ်းထားလေ့ရှိသည်။ စတူနော်သရိုပိုက်မှာမူ နို့ရောင်ဖျော့ဖျော့ အစိုင်အခဲပုံပေါ်နေတတ်ပြီး တစ်ခါတစ်ရံ အဝါရောင်သတ္တုအဖြစ် တွေ့ရှိရကြောင်း နယူးမက္ကဆီကိုနည်းပညာတက္ကသိုလ်မှ ဒေါက်တာဂျွန်ရာကိုဗန်က ရှင်းပြသည်။

ယနေ့ခေတ်တွင် အသိအမှတ်ပြုထားသော သတ္တုမျိုးစိတ် ၅,၉၉၈ မျိုး ရှိသော်လည်း နှစ်စဉ် သတ္တုအသစ်များ ဆက်လက်ရှာဖွေတွေ့ရှိနေဆဲဖြစ်ကြောင်း သိရသည်။

(SCI)

## Nychaa အချစ်ရေးတွင် ကံမကောင်းခဲ့



အနုပညာရှင် နိုင်ချာသည် ချောမောလှပ၍ သရုပ်ဆောင်စွမ်းရည်ပြည့်ဝသော်လည်း အချစ်ရေးတွင် ကံမကောင်းသူဖြစ်ခဲ့ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နိုင်ချာနှင့် ခုနစ်နှစ်ကြာ တွဲခဲ့သည့် အဆိုတော် သရုပ်ဆောင် တိုနီပါကင်နှင့် စတွဲစဉ်ကပင် ပရိသတ်ဝေဖန်ခံရပြီး အချစ်ခရီး လမ်းဆက်ခဲ့သည်။

ချစ်သူသက်တမ်း ခုနစ်နှစ်ကြာမှ တိုနီပါကင်က ညီမလေးတစ်ဦးကဲ့သို့ ချစ်ခဲ့ကြောင်း၊ ချစ်သူလို ဆက်လက်မချစ်နိုင်ခြင်းမှာ ပရိသတ်များကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားပြီး ချစ်သူသစ်နှင့် ဖောက်ပြန်မှုပါ ပေါ်ထွက်လာခဲ့သည်။

ပရိသတ်များက နိုင်ချာဘက်မှ ရပ်တည်ကြကာ ဆက်လက်၍ လက်မတွဲရသည်ကိုပင် ကံကောင်းလှသည်ဟု အားပေးထားကြသည်။

(SKY)


## အော်စကာဆုရှင် Adrien Brody က The Brutalist ရုပ်ရှင်အတွက် AI အသုံးပြုထား

တစ်ကမ္ဘာလုံးတွင် အအိုင် အသုံးပြုမှုတွင်ကျယ်လာကာ အနုပညာလောကနှင့် အနုပညာရှင်များပါ အသုံးပြုလာခဲ့ကြပြီး အော်စကာဆုရှင် အော်ဒရင်းဘရောင်ဒီက The Brutalist ရုပ်ရှင်တွင် ဟန်ဂေရီစကားအတွက် AI သုံးခဲ့ကြောင်း ရင်ဖွင့်ပြောကြားထားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အော်ဒရင်းဘရောင်ဒီနှင့် ဖိလစ်စတီဂျုန်းတို့က ရုပ်ရှင်ထဲတွင် လေယူလေသိမ်း ပိုမိုပီပြင်စေရန်အတွက် Respeedcher ဟုခေါ်သည့် AI နှင့် အသံပြုပြင်သည့် နည်းပညာအသုံးပြုခဲ့သည်။ ထို့ပြင် အော်စကာဆုရ Emilia Perez တွင် အဓိကဇာတ်ဆောင် အီမီလီယာကလည်း ဇာတ်ဝင်ခန်းတွင် လိုအပ်သည့် အသံရောက်အောင် AI သုံးခဲ့ပြီး Dune:Part Tu50 တွင် သရုပ်ဆောင်များ၏ မျက်လုံးအပြာရောင်ကို AI က ကူညီပေးခဲ့သည်။

လက်ရှိအချိန်တွင် AI သည် ရုပ်ရှင်လောကအတွက် ထိရှလွယ်သည့် ခေါင်းစဉ်ဖြစ်နေပြီး အသံပိုင်းဆိုင်ရာသာမက အခြားစွမ်းဆောင်ရည်များနှင့်ပါ အော်စကာဆုများ ဆွတ်ခူးရယူနေ၍ AI အသုံးပြုထားခြင်း ရှိ၊ မရှိ ကို ခွဲခြားတတ်ရန်နှင့် အသုံးပြုထားကြောင်း ဝန်ခံကြရန်လိုအပ်လာသည်။

(SKY)



## Karina က G Dragon နှင့် တွဲဖက်ညီခဲ့




ကေပေါ့ပ်ဘုရင်အဖြစ်သာမက ဂီတကို ကျော်လွန်သူအဖြစ် သတ်မှတ်ခံရသည့် ဂျီဒရယ်ဂွန်၏ တစ်ကိုယ်တော်ဂီတ Uber Me-nsch တွင် အထူးဧည့်သည်တော်အဖြစ် ကာရီနာကို ရွေးချယ်တင်ဆက်ထားရာ တွဲဖက်ညီ၍ လိုက်ဖက်မှုရှိကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆယ်စုနှစ်နီးပါး အနားယူထားပြီး အဆိုတော်တစ်ဦးအဖြစ် ပြန်ရောက်လာသော ဂျီဒရယ်ဂွန် (ခေါ်)ကွမ်ဂျီယောင်းသည် အယ်လ်ဘမ်ရောင်းအားနှင့် ဝင်ငွေတို့တွင် ထိပ်ဆုံးနေရာရောက်ရှိခဲ့ကာ တစ်ကိုယ်တော် Worldtour များနှင့် အသိအမှတ်ပြုခံခဲ့ရသည်။

ကာရီနာကို ဂျီဒရယ်ဂွန် ကိုယ်တိုင်ရွေးချယ်ခဲ့ပြီး အထူးဧည့်သည်တော်အဖြစ် တစ်ကိုယ်တော်ဂီတတွင် ထည့်သွင်းအသုံးပြုခဲ့ရာမှ ပရိသတ်ကြား တွဲဖက်ညီမှုရှိ၍ ရေပန်းစားခဲ့သည်။

(SKY)

## ရှေ့နေအကြောင်း ရိုက်ကူးထားသည့် Guilty Pleasure

၂၀၂၄ ခုနှစ်တွင် ထွက်ရှိခဲ့သည့် Guilty Pleasure မှာ တက်ကြွစွာ လုပ်ကိုင်နေသည့် ရှေ့နေများအကြောင်း ပုံဖော်ရိုက်ကူးထားပြီး ရှိတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အချစ်၊ သစ္စာဖောက်မှု၊ စိတ်ပိုင်းဆိုင်ရာ အခက်အခဲ၊ စိန်ခေါ်မှုများကြားမှ တက်ကြွစွာ လုပ်ကိုင်နေကြသည့် ရှေ့နေများ၏ အကြောင်း ဖြစ်သည်။



ရှေ့နေဘဝ စိန်ခေါ်မှုများစွာနှင့် ဥပဒေရုံးမှ မိန်းမချောလေးကို နားလည်စာနာကူညီပေးခဲ့သည့် ရှေ့နေနှင့် မေတ္တာမျှပြီး အောင်မြင်သော ရှေ့နေဖြစ်လာကာ ဥပဒေရုံးဖွင့်၍ သီးခြားရပ်တည်ခဲ့ရာမှ အမှုတစ်ခုတွင် ချစ်သူနှစ်ဦး တရားပြိုင်နှင့် တရားလို ဖြစ်ခဲ့ကြသည်။

ကူညီပေးခဲ့သည့် ချစ်သူရှေ့နေနှင့် တရားပြိုင်ရှေ့နေအဖြစ် ခုခံချေပမှုပြုလုပ်ရာတွင်လည်း "အမှားလုပ်ခဲ့တဲ့သူက သူပဲလေ၊ ကျွန်မက ဘာလို့ရှက်နေရမှာလဲ" "တရားမျှတမှုဆိုတာက တရားရုံးမှာပဲ ရှိတာမဟုတ်ဘူးလေ" ဆိုသော တရားပြိုင် ရှေ့နေမလေး၏ စကားက လူကြိုက်များခဲ့သည်။

(SKY)

*-*-*-*-*-*-*

## Robert Pattinson သတ္တိကောင်းမှုနှင့် ပြောင်းပြန်အချိုးကျ



ဟောလီဝုဒ်မင်းသား ရောဘတ်ပါတီဆန်သည် သတ္တိကောင်းမှုနှင့် ပြောင်းပြန်အချိုးကျသူတစ်ဦးဖြစ်ခဲ့ရခြင်းမှာ သရဲဇာတ်ကားကြည့်ရှုခဲ့၍ဖြစ်သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသရဲဇာတ်ကားကြည့်ပြီးနောက်ပိုင်း ရောဘတ်ပါတီဆန်က အိမ်ထဲတွင် တစ်စုံတစ်ယောက် ခိုးဝင်နေသည်ဟု ထင်မိ၍ မီးဖိုချောင်မှ ဓားနှစ်ချောင်းကိုင်ရင်း ဆိုဖာပေါ်တွင် ထိုင်စောင့်ကာ အိပ်ပျော်သွားတတ်သည်။

နောက်ဆုံးမှ သိရသည်မှာ သူ့အိမ်အတွင်း ခိုးဝင်နေသူက ရှဉ့်တစ်ကောင်ဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့၍ ပရိသတ်အချို့က သတ္တိကောင်းမှုနှင့် ပြောင်းပြန်အချိုးကျသူဟု ခေါ်ဆိုကြသည်။

(SKY)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မည်သည့် အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဟသ်ာတမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၂၉

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ်အတွင်း တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု ဦးဖိုးကျားစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသည့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားနှင့် ဦးသန့်တို့ကဲ့သို့ အထင်ကရပုဂ္ဂိုလ်များအား ဂုဏ်ပြုဖွင့်လှစ်ထားသည့် စာကြည့်တိုက်များရှိရာ စာကြည့်တိုက်များတွင် လူငယ်များအား စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများဖြင့် အနာဂတ်လူချွန်လူမွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ခိုင်မာသည့် စာကြည့်တိုက်ပေါင်း ၃၄၀ ကျော် ဖွင့်လှစ်ဆောင်ရွက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန် ကူညီအားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။



ကရင်စုကျေးရွာတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာများအား တောင်သူများထံ ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသစာအုပ်များအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေ ကျပ် ၁၀ သိန်းအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းသုံးစုံအားလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးလှမြိုင်နှင့် စာကြည့်တိုက်မှူး ဒေါ်နွဲ့နွဲ့မူတို့က လက်ခံရယူသည်။

ထို့နောက် ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာ၌ ကျင်းပသည့် မျိုးစေ့ချကိရိယာ၊ မျိုးစေ့ထုတ်တောင်သူများသို့ မျိုးစပါး(R.S) မျိုးစေ့ပေးအပ်ပွဲနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားကို တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာများအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းတစ်စုံအားလည်းကောင်း ကျေးရွာများအလိုက် ပေးအပ်ကြပြီး မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဟသ်ာတမြို့နယ် ကုန်ကြီးအုပ်စု တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးမျိုးစေ့ခြံတွင် မိဘမျိုးစပါးကို ပင်ကြား၊ တန်းကြား ၁၀ လက်မ အတန်းလိုက်စိုက်နည်းစနစ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းမရွာဦးကျောင်းတိုက်တွင် ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာ ဂန္ထဝါစကဘဒ္ဒန္တပဏ္ဍိတနှင့် ကျောင်းထိုင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဦးအာသဘတို့ထံ လှူဖွယ်ဝတ္ထုနှင့် MRTV DTH စလောင်းများအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ဖောင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနက ကျင်းပသော ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် မီးသတ်ဦးစီးဌာနက ကျင်းပသော ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဓာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားတို့ကို တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများအားလည်းကောင်း၊ MRTV DTH စလောင်းသုံးစုံနှင့် DVB T2 Set Top Box အလုံး ၂၀၀ အားလည်းကောင်း ပေးအပ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများဖော်ဆောင်ရေး လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

သတင်းစဉ်

## ၂၀၂၆အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(C)အဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တာမင်နစ္စတန်အသင်းအား ဂိုးပြတ်အနိုင်ရယူခဲ့



ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (C)အဖွင့်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် မြန်မာအသင်းနှင့် တာမင်နစ္စတန် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တာမင်နစ္စတန်အသင်းအား ၈ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် သွင်းဂိုး ၈ဂိုးကို ပွဲချိန် ၁၁မိနစ်၊ ၂၈မိနစ်၊ ၃၈မိနစ်တို့တွင် ဝင်းဝင်း၊ ပွဲချိန် ၄၅မိနစ်နှင့် ၇၅မိနစ်တွင် ခင်မိုမိုထွန်း၊ ပွဲချိန် ၄၈မိနစ်တွင် စန်းသော်သော်၊ ပွဲချိန် ၅၂မိနစ်တွင် မေထက်လူ၊ ပွဲချိန် မိနစ် ၉၀တွင် ရွှေရီထွန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ အုပ်စု (C)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂ရက် ညနေ ၄နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)